ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (21-7-2010) (၆၄၆၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကား ပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ကယားပြည်နယ် / ခရိုင်/ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ကယားပြည်နယ်/ ခရိုင်/ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ကယားပြည်နယ်/ခရိုင်/ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်အကျိုးစီးပွားအတွက် ဖြည့်ဆည်းမြှင့်တင်ကြိုးပမ်းပေးနေသည့် လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေး

ကုန်စည်စီးဆင်းမှု မြန်ဆန်လျက်ရှိသည့် ရန်ကုန်မြို့ ဗိုလ်အောင်ကျော် ဆိပ်ခံတံတားတွင် နိုင်ငံခြားသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်ပြီး ကုန်တင်ကုန်ချ ပြုလုပ်နေကြစဉ်။

သတင်းဆောင်းပါး - ကိုသစ္စာ
ဓာတ်ပုံမှတ်တမ်း - ကြေးမုံ

အဆင်အပြင် ပြုံးစန္ဒာမြင့်

နေ့စဉ်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို ဖတ်ရှုပြီး ကျွန်တော် အတွေးနယ်ချဲ့နေမိသည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်မှုနှင့် ထူထောင်ခွင့်ပြုမှုသတင်းများကို သတင်းစာများ၌ အကျယ်တဝင့် ဖော်ပြပေးနေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၌ ခေတ်စနစ်သစ်တစ်ခု ကူးပြောင်းတော့မည်။ ခေတ်တစ်ခေတ်၊ စနစ်တစ်ရပ်ပြောင်းတိုင်း နိုင်ငံ၏ အသွင်အပြင်ပုံရိပ်များက ပြောင်းလဲစမြဲပင် ဖြစ်သည်။

ကျွန်တော် ၁၉၈၈ ခုနှစ်က နိုင်ငံ့အခြေအနေကို ကောင်းစွာ သိရှိခဲ့သည်။ ထိုစဉ်က ကျွန်တော်သည် အသက် ၂၀ ဝန်းကျင်ဖြစ်၍ အတိုင်းအတာတစ်ခုအထိ နိုင်ငံ့အနေအထားကို သိရှိခဲ့၊ မှတ်မိခဲ့သည်။ သတင်းစာဖတ်ပြီး အတွေးများမပြတ်နိုင်အောင်ဖြစ်နေစဉ် ကျွန်တော်နှင့် ဆွေးနွေးဖက်ဖြစ်နေသော ဦးလေးလှ ရောက်ရှိလာသည်။ ဦးလေးလှကား ပို့ဆောင်ရေးဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်းဖြစ်ပြီး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

၂၁-၇-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

ရေထုညစ်ညမ်းမှု လျော့နည်းအောင် ဝိုင်းဝန်းဖော်ဆောင်

လူသားများနေထိုင်ရာ ပတ်ဝန်းကျင်တွင် မြေ၊ ရေ၊ လေ၊ ရာသီဥတုတို့ ယိုယွင်းလာနေသည်။ လူသားတို့က သဘာဝသယံဇာတများ မဆင်မခြင် ထုတ်ယူသုံးစွဲမှု၊ စားသုံးမှုအမျိုးမျိုး၊ ထုတ်လုပ်မှုအထွေထွေတို့မှ အမှိုက်သရိုက်၊ ရေဆိုးရေညစ်များ စွန့်ပစ်နေမှုတို့ကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။

တိုးတက်လာသော လူဦးရေနှင့်အညီ အိမ်သုံး၊ စက်ရုံသုံး၊ စိုက်ပျိုးရေးနှင့် အခြားလုပ်ငန်းသုံးတို့အတွက် ရေလိုအပ်ချက် များပြားလာသည်။ ရေလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည့်နည်းတူ ရေအရင်းအမြစ်များ စနစ်တကျ သုံးစွဲရေး၊ သန့်ရှင်းသော ရေကောင်းရေသန့်များဖြစ်ရေးကိုလည်း အလေးထားကြရပေမည်။

အထူးသဖြင့် မြစ်ချောင်းများနံဘေးနှင့် အနီးရှိစက်ရုံများမှ ရေဆိုးများ စွန့်ပစ်ရာတွင် စနစ်တကျသန့်စင်ပြီးမှ စွန့်ပစ်သင့်ပေသည်။ အရက်ချက်စက်ရုံ၊ သားရေစက်ရုံ၊ ပဲခွဲစက်ရုံ၊ အအေးခန်းငါး ပုစွန်စက်ရုံ၊ ဆိုးဆေးအသုံးပြု အထည်စက်ရုံ၊ ငံပြာရည်စက်ရုံ၊ အချိုရည်စက်ရုံနှင့် ဓာတုဗေဒ ပစ္စည်းသုံးစက်ရုံ စသည်တို့မှ စွန့်ပစ်ရေများတွင် ဓာတုဗေဒနှင့် အဆိပ်အာနိသင်များပါဝင်သည်။ အဆိုပါ စွန့်ပစ်ရေဆိုးများ မြစ်ချောင်းများအတွင်း ရောက်ရှိပျံ့နှံ့နေပါက ရေနေသတ္တဝါများ သေကျေနိုင်ပြီး မြစ်ချောင်းရေသုံးစွဲသူများလည်း ကျန်းမာရေးထိခိုက်စေမည်ဖြစ်သည်။

ထို့အပြင် မြို့ပြများ၏ မိလ္လာများကို ပြုပြင်သန့်စင်မှုမရှိဘဲ မြစ်များအတွင်း စွန့်ပစ်ခြင်း၊ မြို့ရွာအချို့တွင် မြစ်ချောင်းကမ်းနဖူး၌ ရေအိမ်များ တည်ဆောက်ထားခြင်း၊ မြစ်ရေ၊ ချောင်းရေဖြင့် လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းတို့သည်လည်း ရေညစ်ညမ်းမှုကိုဖြစ်ပေါ်စေနိုင်သဖြင့် သတိပြုရှောင်ရှားကြရမည်ဖြစ်သည်။ မသန့်ရှင်းသော သောက်သုံးရေနှင့် မသန့်ရှင်းသော ရေအိမ်များ သုံးစွဲရမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်ကလေးသူငယ်များ အပါအဝင် လူငါးသန်းခန့် ရောဂါအမျိုးမျိုး ဖြစ်ပွားသေဆုံးနေကြရသည်။

မြစ်ချောင်းအနီးရှိ စက်ရုံများအနေဖြင့် စက်ရုံထွက် ရေဆိုးများကို ကိုယ်ပိုင်ရေဆိုးသန့်စင်ကန်များ ထားရှိပြီးမှ စနစ်တကျ စွန့်ပစ်သင့်ပေသည်။ နေ့စဉ်စွန့်ပစ်သောအမှိုက်များတွင် ပုပ်သိုးဆွေးမြည့်လွယ်သည့် ဓာတ်ပစ္စည်းများ ပါဝင်နေသဖြင့် မြစ်ချောင်းများအတွင်း စွန့်ပစ်ပါက ရေညစ်ညမ်းမှုကို ဖြစ်စေနိုင်ပေသည်။

ရေထုညစ်ညမ်းမှု အပါအဝင် လေထုညစ်ညမ်းမှု၊ မြေပြင်ညစ်ညမ်းမှု၊ သစ်တောသစ်ပင်ပြုန်းတီးမှုစသည်တို့သည် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများကို ဖြစ်ပေါ်စေသဖြင့် ပြည်သူများအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများတွင် အစဉ်တစိုက်ဝိုင်းဝန်းပါဝင် ဖော်ဆောင်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး မိုင်းခုတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် ဇူလိုင် ၁၀ရက် နံနက်ပိုင်းတွင် မိုင်းခုတ်တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး အားကစားပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ကာ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် မိုင်းခုတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ၍ စာသင်ဆောင်များနှင့် စာသင်ခန်းများအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းကာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မိုင်းခုတ်-မိုင်းခွန်-ကျိုင်းတုံ ကားလမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၃) (မွမ်းမံ) သင်တန်း၊ ဌာနခွဲစာရေး၊ အကြီးတန်း စာရေး၊ လစာ/စရိတ်/ ပင်စင်နှင့် ရုံးလုပ်ငန်းသင်တန်းနှင့် ပစ္စည်းထိန်း(၄) သင်တန်းများ ဆင်းပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(ဆောက်လုပ်ရေး)

သင်တန်းများဆင်းပွဲ အခမ်းအနား ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်

နေပြည်တော် ဇူလိုင် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၁၈ရက် နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) သင်တန်းခန်းမဆောင်၌ ကျင်းပသော ဘဏ္ဍာရေးဆိုင်ရာကြီးကြပ်မှု အဆင့် (၃) (မွမ်းမံ) သင်တန်း၊ ဌာနခွဲစာရေး၊ အကြီးတန်းစာရေး၊ လစာ/စရိတ်/ ပင်စင်နှင့် ရုံးလုပ်ငန်းသင်တန်းနှင့် ပစ္စည်းထိန်း(၄) သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးခင်မောင်မြင့်က သင်တန်း သုံးခုတွင် ပထမဆုရ သုံးဦး၊ ဒုတိယဆုရ သုံးဦးနှင့် တတိယဆုရ သုံးဦး စုစုပေါင်းဆုရရှိသူ ကိုးဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက သင်တန်း သုံးခုမှ သင်တန်းသား၊ သင်တန်းသူ ၁၃၃ဦးတို့၏ ကိုယ်စား သင်တန်းခေါင်းဆောင်များထံ သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

အဆိုပါ သင်တန်းများဆင်းပွဲအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် နည်းပြဆရာများ တက်ရောက်ခဲ့ကြပြီး ယင်းဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့် (၃) (မွမ်းမံ)သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၄၇ဦး၊ ဌာနခွဲစာရေး၊ အကြီးတန်းစာရေး၊ လစာ/စရိတ်/ပင်စင်နှင့် ရုံးလုပ်ငန်း သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၃၁ဦးနှင့် ပစ္စည်းထိန်း (၄)သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၅၅ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၃၃ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေသင်းဘိုးဘွားရိပ်သာသို့ အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၀

ရမည်းသင်းမြို့ သီလဝ(၂)ရပ်ကွက်ရှိ စေတနာရှင်များ စုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့သော ရွှေသင်းဘိုးဘွားရိပ်သာသို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၅ရက် ညနေ ၃နာရီတွင် အဆိုပါ ရိပ်သာ ဧည့်ကြိုခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ဦးပေါက ငွေလှူဒါန်း ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဦးပေါ၊ ဇနီး ဒေါ်နန်းအေးသန်း မိသားစု ဝါတိုးအလယ်ရပ်က ငွေကျပ် ၁၀သိန်း၊ ဦးပြည့်ဖြိုးအောင်-ဒေါ်နှင်းနွယ်ဝင်း မိသားစု ရန်ကုန်မြို့က ငွေကျပ် သုံးသိန်း၊ (ဦးစိန်သောင်း)အား ရည်စူးပြီး ညီ၊ ညီမ၊ သားသမီးများ ညောင်ပင်ရပ်က ငွေကျပ် ၁၄၅၀၀၀၊ ဒေါ်ကြည်ကြည်နု (အထပြ-ငြိမ်း)က ငွေကျပ် တစ်သိန်း၊ မကျင်အေး (ညီမ) မစန်းစန်းညို မန္တလေးမြို့က ငွေကျပ်တစ်သိန်း၊ ဦးသိန်းမြင့်-ဒေါ်နှင်းကြိုင် ရန်ကုန်မြို့က ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးရွှေနှင့် အတွင်းရေးမှူး ဦးငွေသိန်းတို့က လက်ခံကြသည်။

ထို့နောက် ဦးထွန်းနှင့် သမီး မဝင်းမြင့် ဝါတိုးအလယ်ရပ်က ငွေကျပ် ၅၀၀၀၀၊ ဒေါက်တာကျော်လွင်ဦး-ဒေါက်တာကြည်ကြည်မျိုး မန္တလေးမြို့က ငွေကျပ် ၅၀၀၀၀နှင့် (ဦးကျော်ထွန်း)အားရည်စူးပြီး ဇနီး ဒေါ်ယဉ်မြမိသားစု ကျောင်းဖြူကုန်းရပ် ရမည်းသင်းမြို့က ငွေကျပ် သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာရေးမှူး ဦးစံတင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ရိပ်သာဥက္ကဋ္ဌ ဦးရွှေက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြို့ပြအင်ဂျင်နီယာ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

၁၉၈၁-၈၅ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၅) နှစ်မြောက် ငွေရတုအာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃၀ရက်(စနေနေ့)တွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ပါ၍ ကိုစောထွေးဇော် (ရန်ကုန်) ဖုန်း-၀၁-၆၆၂၁၀၀၊ ၀၉-၅၀၀၉၃၅၆၊ ကိုခင်မောင်လွင်(ရန်ကုန်) ဖုန်း-၀၉-၅၁၂၀၉၃၀၊ ကိုသိန်းမင်း (ရန်ကုန်) ဖုန်း-၀၉-၅၀၃၀၄၄၅၊ ကိုကျော်မင်း(ရန်ကုန်) ဖုန်း-၀၉-၅၀၁၇၆၇၈၊ မမီမီချမ်း(ရန်ကုန်) ဖုန်း-၀၁-၅၆၄၁၆၇၊ ၀၉-၈၆၁၈၁၇၅၊ မသက်သက်မွန်(ရန်ကုန်) ဖုန်း-၀၉-၅၀၀၈၆၂၂၊ ကိုမျိုးဝင်း(နေပြည်တော်) ဖုန်း-၀၉-၈၆၁၈၁၈၄၊ မခင်စန်းသွင်(နေပြည်တော်) ဖုန်း-၀၆၇-၄၀၇၄၇၅၊ ကိုဝင်းဦး(မန္တလေး) ဖုန်း-၀၉-၂၀၀၄၇၈၇၊ ကိုမိုးအောင် (ပြင်ဦးလွင်) ဖုန်း-၀၉-၂၀၄၄၂၂၂နှင့် ကိုဝင်းမော်ဌေး(မကွေး) ဖုန်း-၀၉-၅၃၄၁၀၇၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

RMGCC တတိယအကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

Royal Mingalardon Golf & Country Club မှ ကြီးမှူးစီစဉ်သော RMGCC လစဉ် အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအကြိမ်ပြိုင်ပွဲကို ဇူလိုင် ၂၅ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ရာ အပျော်တမ်းဂေါက်သီးရိုက် ကစားသမားများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပြိုင်ပွဲပုံစံမှာ ၁၈ ကျင်းအကျောပေးပြိုင်ပွဲဖြစ်ပြီး System 36ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အနိုင်ရရှိသူအား RMGCC Monthly Champion ဆုဖလားနှင့် ဆုပစ္စည်း ချီးမြှင့်မည်ဖြစ်ပြီး အခြားပြိုင်ပွဲဝင်ဆုများကိုလည်း ချီးမြှင့်သွားပါမည်။ ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားပါသဖြင့် ဇူလိုင် ၂၅ ရက် မတိုင်မီ ဖုန်း-၀၁-၆၃၉၄၄၅၊ ၆၃၉၄၄၆၊ ၆၃၉၄၄၇တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

အလိမ္မာ
စာမှာရှိ

မထသ(ရန်ကုန်) ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဇူလိုင် ၂၀

မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)မှ ကော်မတီဝင်များနှင့် ဝန်ထမ်းများ၏ သားသမီးများ ပညာသင်ထောက်ပံ့ကြေးနှင့် မထသကော်မတီဝင်များ၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများနှင့် ဝန်ထမ်းများ၏ သားသမီးများ ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၅ရက်က မထသရုံးချုပ် သင်တန်းခန်းမ၌ ကျင်းပရာ**(အပေါ်ပုံ)** ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရ ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရ ရှစ်ဦးနှင့် သုံးဘာသာဂုဏ်ထူးရ ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရ လေးဦးနှင့် တစ်ဘာသာဂုဏ်ထူးရ ၁၆ဦးတို့ကို ပညာရည်ချွန်ဆုများ ပေးအပ်ခဲ့သည်။

(မထသရုံးချုပ်)

ရှေ့ဖုံးမှ

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက ကယားပြည်နယ်အတွင်းရှိ ပြည်နယ်/ ခရိုင်/ မြို့နယ်/ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကိုလည်းကောင်း၊ ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လွိုင်ကော်ခရိုင်နှင့် ဘောလခဲခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ကရင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ဘားအံခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ကော့ကရိတ်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကရင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၊ ဘားအံခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီတွင် ဘားအံမြို့ရှိ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဇွဲကပင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ကရင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောအောင်ပွင့်နှင့် ဘားအံခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောသိန်းကြည်တို့က ကော်မရှင် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများက ကော်မရှင်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြန်လည်ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ကော့ကရိတ်ခရိုင်

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကော့ကရိတ်မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကား ပြောကြားပြီး ကော့ကရိတ်ခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ မြို့နယ် ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများက ကော်မရှင်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံတွင် အစည်းအဝေးတက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၅ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ဂျီဂျူးမြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသ ပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ဇူလိုင် ၁၈ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးများ၊ ပတ်ဝန်းကျင်ဝန်ကြီးဌာန ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ကိုရီးယားသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး မစ္စဂျောင်ဂျေးဟီး၊ ပတ်ဝန်းကျင်ဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီမန်ဟီး၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာယောင်ဝူပတ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနောက်ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် ဒေါက်တာရှင်ယောင်စူးတို့က အမှာစကားပြောကြားကြသည်။

မိန့်ခွန်းပြောကြား

အဆိုပါအစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက မိန့်ခွန်းပြောကြားရာ၌ ပတ်ဝန်းကျင်ဆိုင်ရာကျန်းမာရေးကို မြှင့်တင်ခြင်းသည် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးကို အာမခံချက်ပေးနိုင်ကြောင်း၊ အလားတူပင် ကျန်းမာရေး၊ အသက်ရှည်ရေး၊ ဂုဏ်သိက္ခာ၊ ပညာရေးနှင့် လူမှုစီးပွား အဆင့်အတန်းတို့ကိုပါ မြှင့်တင်နိုင်ကြောင်း၊ ရောဂါဖြစ်ပွားခြင်းနှင့် ကိုယ်ကာယချို့ယွင်းမှုတို့ကို ကာကွယ်နိုင်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ဆိုးကျိုးများကို တားဆီးနိုင်ကြောင်း၊ မျိုးဆက်သစ်များအတွက် အမွေကောင်းများကို လက်ဆင့်ကမ်းနိုင်ကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို တက်တက်ကြွကြွ မှန်မှန်ကန်ကန် ထိရောက်စွာပါဝင်ဆောင်ရွက်ခြင်းဖြင့် သယံဇာတပြုန်းတီးမှု မရှိသော ဖွံ့ဖြိုးတိုးတက်မှုကို ရနိုင်မည်ဖြစ်ကြောင်းတို့ကို ထည့်သွင်းပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များဖြစ်ကြသည့် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး ဦးစန်းလွင်၊ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမင်းသန်းညွန့်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ ဒေါက်တာကြည်လွင်ဦးတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အစည်းအဝေးတက်ရောက်

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကိုရီးယားသမ္မတနိုင်ငံ ဂျီဂျူးမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသ ပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ဝိပဿနာအကျိုးချစ်မြတ်နိုး" တရားတော် (ဆရာတော် အရှင်ဩဘာသသိရီ)
- ၆း၄၅ ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၃)**
- ၈း၃၀ Sports World
- ၈း၅၅ Industrial Talk [ကိုကို(စက်မှုတက္ကသိုလ်၊ ဒေါက်တာတင်အောင်ရွှေ) (သုတေသီ)]
- ၉း၂၅ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာ(၇)ကျမ်း သာသနာပြုမှတ်တမ်း
- ၉း၄၀ အားကစားမြင်ကွင်းစုံ
- ၁၀း၂၅ မြတ်နိဗ္ဗာန်သောင်ကမ်းသို့ရည်--- ဖားအောက်တောရစခန်းမှသည်
- ၁၀း၄၅ ကျန်းမာရေးဆွေးနွေးဟောပြောပွဲ အသည်းအစားထိုးကုသခြင်းနှင့် Cyberknife
- ၁၁း၀၅ ဗီဒီယိုပြခန်း
- ၁၁း၂၅ ယွန်းအနုပညာတစ်ခု၏ ဖြစ်တည်ရာ
- ၁၁း၅၀ ဓာတ်ပုံထဲမှအမှတ်တရများ (မင်းဟိဏ်း)
- ၁၂း၂၀ ကလေးတေးသရုပ်ဖော်အစီအစဉ် (မေမေ၊ ဖေဖေ)
- ၁၂း၄၀ **အမုန်းချစ်မှ အချစ်မုန်း (ဖြိုးငွေစိုး၊ မေနန်းခေါင်၊ ထက်ရှား၊ ဒေါ်အိအိစိုး) (ဒါရိုက်တာ-ကြည်စိုး)**
- ၁း၀၀ "ဝိပဿနာအကျိုးချစ်မြတ်နိုး" တရားတော် (ဆရာတော် အရှင်ဩဘာသသိရီ)
- ၁း၄၅ ထင်ရှားတည်ရှိ မြင်းမထိ
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ စကားနပန်း (ဘောလုံးကန်တာကောင်းတယ်၊ ဘောလုံးမကန်တာကောင်းတယ်)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၃)**
- ၄း၂၀ 3 D ကဲ့ကော
- ၄း၄၀ ကျန်းမာရေးဆွေးနွေးဟောပြောပွဲ အသည်းအစားထိုးကုသခြင်းနှင့် Cyberknife
- ၅း၀၀ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာ(၇)ကျမ်း သာသနာပြုမှတ်တမ်း
- ၅း၁၀ မြတ်နိဗ္ဗာန်သောင်ကမ်းသို့ရည်--- ဖားအောက်တောရစခန်းမှသည်
- ၅း၃၅ နုယဉ်ဆန်းထွင် ပန်းအလှဆင် (စိတ်ကြိုက်ပန်းစည်းထုပ်ပိုးနည်း)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဓာတ်ပုံထဲမှအမှတ်တရများ (မင်းဟိဏ်း)
- ၆း၅၀ ဗီဒီယိုပြခန်း
- ၇း၀၅ ရန်ကုန်မြင်ကွင်းကျယ် [ဆီဒိုရာကံထူးရှင်ရွှေချယ်ပွဲ (၂၀၁၀)]
- ၇း၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဘိုဘိုဟန်)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (ဘောလုံးကန်တာကောင်းတယ်၊ ဘောလုံးမကန်တာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၃)**
- ၁၀း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၂၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် (စိတ်ကြိုက်ပန်းစည်းထုပ်ပိုးနည်း)
- ၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ် [ဆီဒိုရာကံထူးရှင်ရွှေချယ်ပွဲ (၂၀၁၀)]
- ၁၁း၀၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဘိုဘိုဟန်)
- ၁၁း၃၅ Industrial Talk
- ၁၂း၀၅ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ ဗဟုသုတလေ့လာပါ RESOURCE CENTRE မှာ
- ၁၂း၂၀ မီးအပူပေးပြုပြင်ခြင်းနည်းပညာ
- ၁၂း၃၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထောက်ပံ့ပေးအပ်

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၁၇ ရက်က ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

(ပညာရေး)

အာဂျင်တီးနား၌ အအေးလှိုင်းဖြတ် ၂၈ဦး သေဆုံး

ဗျူနိုအေးရိစ် ဇူလိုင် ၂၀

အာဂျင်တီးနားနိုင်ငံတွင် အအေးလှိုင်းဖြတ်မှုကြောင့် ရက်သတ္တပတ်အတွင်း ၂၈ဦးထက်မနည်း သေဆုံးခဲ့၍ ၁၆ဦးခန့်မှာ ကိုယ်တွင်းအပူချိန်ကျဆင်းသည့် ဝေဒနာကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

လေအေးများ တိုက်ခတ်မှုကြောင့် အာဂျင်တီးနားနိုင်ငံအတွင်း အပူချိန် အလွန်အမင်းကျဆင်းခဲ့ပြီး ဆီးနှင်းများဖုံးလွှမ်းနေကြောင်း၊ ယင်းပြဿနာကို နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများ၌ အဆိုးရွားဆုံးရင်ဆိုင်နေရကြောင်း သတင်းတွင်ဖော်ပြသည်။

တနင်္လာနေ့က အအေးဒဏ်ကြောင့် ကိုယ်တွင်းအပူချိန် အလွန်အမင်းကျဆင်းကာ လေးဦးထပ်မံသေဆုံးသဖြင့် အအေးလှိုင်းဖြတ်သန်းမှု၏ နောက်ဆက်တွဲအပူချိန်ကျဆင်းမှုကြောင့် သေဆုံးသူ ၁၆ ဦးထိ တိုးလာကြောင်း၊ အပူဓာတ်ထုတ်ပေးသည့် စက်ပစ္စည်းကိရိယာများကြောင့် ဖြစ်ပေါ်ခဲ့သော ကာဗွန်မိုနော့ဆိုဒ်အဆိပ်သင့်မှုကြောင့် အခြား ၁၂ ဦး သေဆုံးခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အက်ဖ်-၃၅ တိုက်လေယာဉ်များ ကနေဒါဝယ်ယူမည်

အော့တဝါ ဇူလိုင် ၂၀

ကနေဒါနိုင်ငံသည် လော့ဟိမာတင်ကုမ္ပဏီကထုတ်လုပ်သည့် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ် ၆၅ စင်းကို ဝယ်ယူမည်ဖြစ်ကြောင်း ဇူလိုင် ၁၆ရက် သတင်းများတွင် ဖော်ပြသည်။

ယင်း တိုက်လေယာဉ်များအတွက် ကနေဒါနိုင်ငံက အမေရိကန်ဒေါ်လာ ၈ဒသမ၆ဘီလီယံကို ပေးချေရမည်ဖြစ်ပြီး နိုင်ငံ၏သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံး လက်နက်ဝယ်ယူမှုများအနက် တစ်ခုအပါအဝင်ဖြစ်လာမည်ဖြစ်သည်။

အက်ဖ်-၃၅ တိုက်လေယာဉ်များကို ကနေဒါလေတပ်၏ စီအက်ဖ်-၁၈ တိုက်လေယာဉ်များနေရာတွင် အစားထိုးသုံးစွဲမည်ဖြစ်သည်။ ၂၀၂၀ ခုနှစ် ပတ်ဝန်းကျင်တွင် ကနေဒါလေတပ်သည် ၎င်း၏ အက်ဖ်-၁၈ တိုက်လေယာဉ်များကို ပျံသန်းမှုအနားပေးရန် စီစဉ်ထားသည်။

အက်ဖ်-၃၅ တိုက်လေယာဉ်များသည် ကုန်ကျစရိတ် ကြီးမားလွန်းကြောင်း အတိုက်အခံအမတ်များ၏ ဝေဖန်မှုများကို ကနေဒါကာကွယ်ရေးဝန်ကြီးက ပယ်ချခဲ့ပြီး ယင်းလေယာဉ်များသည် ကနေဒါလေတပ်အတွက် အသင့်လျော်ဆုံးဖြစ်ကြောင်း အကြောင်းပြခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဒုံးကျည်ကာကွယ်ရေးစနစ်သစ် အစ္စရေး မကြာမီဖြန့်ကြက်မည်

ဂျေရုဆလင် ဇူလိုင် ၂၀

အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသနှင့် လက်ဘနွန်နိုင်ငံတို့၏ ဒုံးကျည်ခြိမ်းခြောက်မှုများကို တန်ပြန်ရန် ပုံစံထုတ်တည်ဆောက်ထားသော ၎င်း၏ ဒုံးကျည်ကာကွယ်ရေး စနစ်သစ်တစ်ရပ်ကို လာမည့်လအနည်းငယ်အတွင်း ဖြန့်ချထားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

ဟန့်တားနိုင်စွမ်းရှိ

အိုင်းရင်းဒွန်းဟု အမည်ပေးထားသော ဒုံးကျည်ကာကွယ်ရေးစနစ်သည် ဟားမားစ်အဖွဲ့နှင့် ဟစ်ဇ်ဘိုလာပြောက်ကျားတို့၏ တာတိုပစ်ဒုံးကျည်များနှင့် အမြောက်ကျည်ဆန်များကို ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိသည်။

ဆက်လက်ဖြန့်ကြက်မည်

အိုင်းရင်းဒွန်း ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဟားမားစ်တို့ အုပ်ချုပ်သော ဂါဇာကမ်းမြောင်ဒေသနယ်စပ်တစ်လျှောက်တွင် ဦးစားပေးဖြန့်ကြက်မည်ဖြစ်ပြီး နောက်ပိုင်းတွင် အစ္စရေးနှင့် လက်ဘနွန်နယ်စပ်တစ်လျှောက်၌ ဆက်လက်ဖြန့်ကြက်မည်ဖြစ်ကြောင်း သိရသည်။

အသင့်အနေအထားရှိ

အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ပထမဆုံးဖြန့်ကြက်မည့် ဒုံးကျည်ကာကွယ်ရေး စနစ်သစ်နှစ်ရပ်သည် နိုဝင်ဘာလအတွင်း၌ တာဝန်ထမ်းဆောင်ရန် အသင့်အနေအထား ရှိနေမည်ဖြစ်ကြောင်း သိရသည်။

အိုင်းရင်းဒွန်း ဒုံးကျည်ကာကွယ်ရေးစနစ်သည် ရုပ်ထွေးအဆင့်မြင့်သောရေဒါစနစ်ကိုအသုံးပြုကာ ရန်သူကပစ်ခတ်သော ဒုံးကျည်များကို ခြေရာခံ၍ ယင်းဒုံးကျည်များ ပစ်မှတ်ဆီသို့ မရောက်မီ ကြားဖြတ်ပစ်ချမည်ဖြစ်သည်။ ယင်းဒုံးကျည်ကာကွယ်ရေးစနစ်ကို အစ္စရေးနိုင်ငံက တနင်္လာနေ့တွင် အောင်မြင်စွာ အပြီးသတ် စမ်းသပ်ခဲ့သည်။ ***အင်တာနက်။***

ဂရိနိုင်ငံအနှံ့အပြား၌ တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွား

အေသင် ဇူလိုင် ၂၀

ဂရိနိုင်ငံတစ်ဝန်း ယခုရက်သတ္တပတ်ကုန်အတွင်း တောမီးလောင်ကျွမ်းမှု၅၀ခန့် ဖြစ်ပွားခဲ့ကြောင်း၊ ယခုအချိန်အထိ အေသင်မြို့တော်အနီး မီဂါရာမြို့ဟောင်းအနီးဖြစ်ပွားသော တောမီးလောင်ကျွမ်းမှုများကို မီးသတ်သမားများက ငြိမ်းသတ်နေဆဲဖြစ်ကြောင်း ဂရိအာဏာပိုင်များက ဇူလိုင် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

တောမီး လောင်ကျွမ်းမှုများကြောင့် အသက်အန္တရာယ် ထိခိုက်သူမရှိဟု အာဏာပိုင်များက ပြောကြားသည်။

ဂရိနိုင်ငံ၌ ယခုနှစ် နွေရာသီတွင် အေသင်မြို့တော် ဆင်ခြေဖုံးဒေသများ၌ ဖြစ်ပွားခဲ့သည့် တောမီးလောင်ကျွမ်းမှုကြီး နှစ်ရပ်နှင့်ပတ်သက်၍ဖြစ်ပျက်ပုံအကြောင်းရင်းကို တရားရေးဌာန တာဝန်ရှိသူများက စစ်ဆေးနေဆဲဖြစ်သည်။

အဆိုပါတောမီးများကြောင့် သစ်တောဟက်တာ ၈၀၀ ကျော်ပျက်စီးခဲ့သည်ဟု ကနဦးက ခန့်မှန်းခဲ့ကြသည်။

ဂရိနိုင်ငံတွင် နှစ်စဉ်နွေရာသီရောက်တိုင်း ကြုံတွေ့နေရသော တောမီးလောင်ကျွမ်းမှုကြောင့် တစ်ခါတစ်ရံ သေဆုံးသူများရှိသလို ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဥပဒ်များကိုလည်း ကြုံတွေ့ခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာရာဇဝတ်မှုများ တိုက်ဖျက်ရေး နိုင်ငံများပူးပေါင်းဆောင်ရွက်ရန် မလေးရှားပြောကြား

ကွာလာလမ်ပူ ဇူလိုင် ၂၀

နိုင်ငံတကာရာဇဝတ်မှုများကို ဖြို့ခွင်းရာတွင် နိုင်ငံပေါင်းစုံက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် တစ်ကမ္ဘာလုံးကြုံတွေ့နေရသော ခြိမ်းခြောက်မှုများ လုံခြုံရေးပြဿနာများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အပြန်အလှန်ဖလှယ်ရန်လိုအပ်ကြောင်းမလေးရှားနိုင်ငံပြည်ထဲရေးဝန်ကြီးက ဇူလိုင် ၁၉ ရက်တွင် ပြောကြားသည်။

နိုင်ငံတိုင်းမှ သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ယင်းပြဿနာများကို ဖြေရှင်းရန် အချင်းချင်း ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အက်ဖ်ဘီအိုင် အမျိုးသား အကယ်ဒမီအဖွဲ့၏(၁၃) ကြိမ်မြောက် အာရှပစိဖိတ် မိတ်ဖက်ညီလာခံ ဖွင့်ပွဲ၌ ပြည်ထဲရေးဝန်ကြီး ဟီရှမ်မူဒင်ဟူစိန်က ၎င်း၏ အဖွင့်မိန့်ခွန်းတွင် ပြောကြားသည်။

နိုင်ငံတကာ လုံခြုံရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများမှ အစပြုခြင်းဖြင့်လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်မှုကဲ့သို့သော နိုင်ငံတကာ ရာဇဝတ်မှုများကို တိုက်ဖျက်ရာတွင် အခြားကမ္ဘာ့နိုင်ငံများကလည်း ပူးပေါင်းပါဝင်လာမည်ဟုမျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပင့်ကူထောင်ပေါင်းများစွာပါလာသော ကုန်တင်သင်္ဘော ဂူအမ်အာဏာပိုင်များ ဆိပ်ကမ်းကပ်ခွင့်မပြု

ဟာဂတ်နား ဇူလိုင် ၂၀

အမ်ဗွီအယ်လ်တာဗီးယား အမည်ရှိ ကုန်တင်သင်္ဘောပေါ်တွင် တင်ဆောင်လာသော ကုန်စည်များတွင် ပင့်ကူထောင်ပေါင်းများစွာ အိမ်ဖွဲ့လိုက်ပါလာသည်ကို တွေ့ရှိခဲ့ခြင်းကြောင့် ယင်းသင်္ဘောကို ဆိပ်ကမ်းအကပ်မခံတော့ဘဲ ပြန်လည်စေလွှတ်ခဲ့ရကြောင်း အမေရိကန်နိုင်ငံပိုင် ဂူအမ်ကျွန်း တာဝန်ရှိသူများက ပြောကြားသည်။

အယ်လ်တာဗီးယားသင်္ဘောပေါ်မှ အိမ်ဆောက်ပစ္စည်းများကို ဆိပ်ကမ်းကုန်တင်ကုန်ချအလုပ်သမားများက သယ်ချနေစဉ် ပင့်ကူအရွယ်ကြီး အရွယ်ငယ်ထောင်ပေါင်းများစွာကို တွေ့ရှိခဲ့ကြောင်း ဂူအမ်ကျွန်း စိုက်ပျိုးရေးဌာနက ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။

ယင်းသင်္ဘောပေါ်သို့ ကုန်ပစ္စည်းများကို ပြန်လည်တင်ဆောင်စေပြီး ဆိပ်ကမ်းကပ်ခွင့်မပေးရန် ဂူအမ်ကျွန်းအာဏာပိုင်များက အမိန့်ထုတ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ပျက်စီးနိုင်ဖွယ်ရှိ

အယ်လ်တာဗီးယားသင်္ဘောပေါ်တွင် တွေ့ရှိရသော ပင့်ကူအမျိုးအစားများကို ဂူအမ်ကျွန်း၌ တွေ့ရှိနိုင်ခြင်းမရှိကြောင်း၊ ယင်းပင့်ကူများကြောင့် ဂူအမ်ကျွန်း၏ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးနိုင်ဖွယ်ရှိကြောင်း ကျွန်းအာဏာပိုင်များက ပြောသည်။

နောက်ဆုံးဆိုက်ကပ်

အယ်လ်တာဗီးယား သင်္ဘောသည် တောင်ကိုရီးယားနိုင်ငံ၌ နောက်ဆုံး ဆိုက်ကပ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂေါလ်ပြည်နယ်၌ ဇူလိုင် ၁၉ရက်က ဖြစ်ပွားသော ရထားမတော်တဆမှုကို တွေ့ရစဉ်။

(ယင်း မတော်တဆမှုသည် ရထားစက်ခေါင်းမောင်း၏အမှားကြောင့် ဖြစ်ပွားခဲ့ကြောင်း ယူဆနေကြပြီး သေဆုံးသူ ၆၃ဦးအထိ ရှိခဲ့ပြီး ၁၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)



မျိုးသုဉ်းခဲ့ပြီဟု ယူဆခဲ့ကြသော မျောက်မျိုးစိတ်ဝင် ဆလန်ဒါလိုရစ် သတ္တဝါငယ်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မျိုးသုဉ်းခဲ့ပြီဟု ယူဆခဲ့သော မျောက်မျိုးစိတ်ဝင်သတ္တဝါ သီရိလင်္ကာနိုင်ငံတောနက်ထဲ၌ ပြန်လည်တွေ့ရှိ

ကိုလံဘို ဇူလိုင် ၂၀

မျိုးသုဉ်းပျောက်ကွယ်သွားပြီဟုယူဆခဲ့ကြသော တောနက်တွင်း၌သာ နေထိုင်ကျက်စားသည့်ဆလန်ဒါလိုရစ် (Slender Loris) ခေါ် ညထွက်သတ္တဝါငယ်တစ်ကောင်ကို သုတေသနပညာရှင်များက သီရိလင်္ကာနိုင်ငံ တောတွင်းတစ်နေရာတွင် မှတ်တမ်းဓာတ်ပုံရိုက်ယူနိုင်ခဲ့ကြောင်း တနင်္လာနေ့ သတင်းများတွင် ဖော်ပြသည်။

ဆလန်ဒါလိုရစ်သတ္တဝါငယ်များသည် သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံတို့မှ မိုးသစ်တောများအတွင်း နေထိုင်ကျက်စားသော သတ္တဝါများဖြစ်၍ ရှဉ့်၏ပုံသဏ္ဌာန်နှင့်ဆင်တူသည်။ ယင်းတို့သည် ရန်သူများ၏ အန္တရာယ်မှကင်းဝေးရန် သစ်ရွက်သစ်ခက်ထူထပ်သောနေရာများ၌သာ နေထိုင်လေ့ရှိပြီး အင်းဆက်ပိုးမွှားများကို စားသုံးသော မျောက်မျိုးစိတ်ဝင် သတ္တဝါငယ်ဖြစ်သည်။

သီရိလင်္ကာတောနက်များအတွင်း သုတေသနပြုလုပ်ရန် ဖြန့်ကြက်တပ်ဆင်ထားသော ထောင်ချောက်ကင်မရာများဖြင့် ဆလန်ဒါလိုရစ်သတ္တဝါကို မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။

၁၉ရာစုနှစ်အတွင်း ဗြိတိသျှကိုလိုနီအုပ်ချုပ်သူများက ကော်ဖီနှင့် လက်ဖက်များစိုက်ပျိုးရန် သီရိလင်္ကာနိုင်ငံမှ သစ်တောများကို ရှင်းလင်းခဲ့ခြင်းကြောင့် ယင်းသတ္တဝါလေးများ နေထိုင်ကျက်စားရာဒေသများ ကွယ်ပျောက်ခဲ့ရကာ ကောင်ရေကျဆင်းခဲ့ရဖွယ်ရှိပြီး မျိုးသုဉ်းပျောက်ကွယ်လုမတတ်အခြေအနေသို့ ရောက်ရှိခဲ့သည်ဟု ဆိုသည်။ ***အင်တာနက်။***

အီတလီမှ တရုတ်နိုင်ငံသို့ မိုင် ၈၀၀၀ ကျော် ခရီးနှင်မည့် မောင်းသူမဲ့ မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မောင်းသူမဲ့မော်တော်ယာဉ်နှစ်စီး အီတလီမှတရုတ်သို့ မိုင်ပေါင်း ၈၀၀၀ကျော် ခရီးရှည် စတင်ဖြတ်သန်း

ပါမား ဇူလိုင် ၂၀

အီတလီအင်ဂျင်နီယာ ပညာရှင်အုပ်စုတစ်စုက တည်ဆောက်၍ ကာလကြာမြင့်စွာ စမ်းသပ်မောင်းနှင်ခဲ့သော မောင်းသူမဲ့မော်တော်ယာဉ်နှစ်စီးကို အီတလီနိုင်ငံမှ တရုတ်နိုင်ငံသို့ အင်္ဂါနေ့က စတင်စေလွှတ်လိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကြာမြင့်မည်

ယင်းမောင်းသူမဲ့မော်တော်ယာဉ်များသည် အီတလီမှ တရုတ်ပြည်သို့ အရောက် ကီလိုမီတာပေါင်း ၁၃၀၀၀ ကျော် ခရီးနှင်ရမည်ဖြစ်ပြီး အချိန်ကာလအားဖြင့် သုံးလ ကြာမြင့်မည်ဖြစ်သည်။

ရှေးခေတ်ခရီးသည်ကြီး မာကိုပိုလို၏ ခရီးစဉ်ကို ခေတ်သစ်အသွင်ပြောင်းထားသော ယင်းမောင်းသူမဲ့မော်တော်ယာဉ်များ၏ ခရီးစဉ်သည် ပိုးချည်ကိုရှာဖွေမည့် ခရီးစဉ်မဟုတ်ဘဲ ခေတ်သစ်မော်တော်ယာဉ်နည်းပညာ၏ အကန့်အသတ်ကို စမ်းသပ်မည့် ခရီးစဉ်ဖြစ်သည်ဟု အီတလီသုတေသနပညာရှင်တစ်ဦးက ဆိုသည်။

ယင်းယာဉ်များတွင် တပ်ဆင်ထားသော လေဆာအာရုံခံကိရိယာများနှင့် ကင်မရာများကြောင့်လမ်းတစ်လျှောက် အတားအဆီးများကို ရှောင်ကွင်းမောင်းနှင်နိုင်မည်ဟု ဆိုသည်။

ခရီးစဉ်အဆုံးသတ်မည့် ရှန်ဟိုင်းသို့မရောက်မီ လမ်းတွင်ဖြတ်သန်းရမည့် မော်စကိုမြို့တော်၏ ရှုပ်ထွေးသော ယာဉ်ကြောများ၊ ဆိုက်ဗေးရီးယားဒေသ၏နွေရာသီအပူချိန်၊ဂိုဘီသဲကန္တာရ၏ ပြင်းထန်သော အအေးဒဏ်တို့ကို အန်တုရ၍ အဆင့်မြင့်နည်းပညာ၏ အကူအညီဖြင့် ယင်းမောင်းသူမဲ့မော်တော်ယာဉ်နှစ်စီးက ခရီးအရှည်ကြီးကို ကျော်ဖြတ်မောင်းနှင်ရမည်ဖြစ်သည်။

အင်တာနက်။

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ထုံးဘိုရှိ အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံတွင် SUV မော်တော်ယာဉ် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးသိန်း ပန်းတောင်းစက်မှုနယ်မြေစက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပန်းတောင်းမြို့နယ် ဆင်တဲရှိ အမှတ်(၁)လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး ရော(၁)လက်တွန်းထွန်စက်များ၊ ရေစုပ်စက်များ၊ လက်သုံးကိရိယာများဖြစ်သည့် ပေါက်တူး၊ လွှ၊ ရဲတင်းနှင့် တူများထုတ်လုပ်နေမှု၊ ၁၅ မီတာ ကုန်တင်ရထားတွဲ ထုတ်လုပ်နေမှုနှင့် စပါးပျိုးပင် စိုက်ပျိုးစက် စမ်းသပ်ထုတ်လုပ်နေမှုတို့ကို လည်းကောင်း၊ မော်တော်ယာဉ်အစိတ်အပိုင်း ထုတ်လုပ်မှု အလုပ်ရုံ၌ စက်များတပ်ဆင်ပြီးစီးမှုနှင့် ထုတ်လုပ်မှုစတင်ရန် အသင့်ပြင်ဆင်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ထုံးဘိုရှိ အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံသို့ ရောက်ရှိပြီး Double Cab, Single Cab, SUV မော်တော်ယာဉ်များ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် Maintenance Free Battery အလုပ်ရုံ၌ တပ်ဆင်ပြီးစီးသည့် စက်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဝန်ကြီးသည် ဇူလိုင် ၁၈ ရက်တွင် ညောင်ခြေထောက်ရှိ အမှတ်(၁)စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှု စက်ရုံသို့ ရောက်ရှိပြီး Machines tools များ ထုတ်လုပ်မှု၊ Mould နှင့် Die များပြုလုပ်မှု၊ Bare Copper Wire, PVC Wire, Power Cable နှင့် Transformer ထုတ်လုပ်မှုတို့ကိုလည်းကောင်း၊ စက်ရုံများ၏ ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးရရှိမှုနှင့် သုံးစွဲမှုများ စနစ်တကျရှိစေရေးကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅ ၁၄။ **Mail Box**
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၃၁)
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၅၀)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရယ်ရွှင်စရာ ဟာသပဒေသာ -တန်းကြိုး (သူရလင်း၊ မိုးခန့်၊ ဧရာ၊ အုန်းသီး၊ ဗေဒါ၊ စိုပြေ၊ သီဟဖြိုး၊ဆုပန်ထွာ၊ ခိုင်ဇာ) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကမ္ဘည်းတွင်မယ့် ချင်သူရဲကောင်း (အပိုင်း-၃၇)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များနှင့်အဖွဲ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ သွားရောက်လေ့လာ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း (Myanmar ASEAN Women's Friendship Association- MAWFA) နာယကအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် ဒုတိယဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဌာနဆိုင်ရာအကြီးအကဲများ၏ ဇနီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M. Barber နှင့် သံအမတ်ကြီးများ၏ ဇနီးများ၊ သံရုံးအကြီးအကဲများ၏ဇနီးများသည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါ်စန္ဒာခင်က ရုပ်သံအကြို ကြည့်ရှုခန်း (Preview Room) ၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) အကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များနှင့်အဖွဲ့သည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ရှိ ရိုက်ကူးရေးခန်းမ (Studio Room) နှင့် တည်းဖြတ်ခန်း (Edit Room) တို့ကို ကြည့်ရှုလေ့လာကြပြီး "သာယာဝတီမှ စာတစ်စောင်" ရုပ်မြင်သံကြားဇာတ်လမ်းနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ ပန်းပုလက်ရာများ၊ တေးသီချင်း၊ စောင်း၊ ဆိုင်းဝိုင်း၊ ရုပ်သေး၊ အငြိမ့်စသည့် အနုပညာတင်ဆက်မှု အစီအစဉ်များကို ကြည့်ရှုလေ့လာအားပေးကြသည်။

ယင်းနောက် နာယကအဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုးနှင့်အဖွဲ့က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)အတွက် ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေကျပ် ၃၁၀၀၀၀ တို့ကို ပါမောက္ခချုပ်ထံ ပေးအပ်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များ၊ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M. Barber နှင့် သံအမတ်ကြီးများ၏ ဇနီးများ၊ သံရုံးအကြီးအကဲများ၏ဇနီးများ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ရှိ တည်းဖြတ်ခန်းကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် သင်ကြားရေးလက်စွဲစာအုပ် အသုံးပြုနည်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဌာနက ဦးစီး၍ JICA BHS Project အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည့် သင်ကြားရေးလက်စွဲစာအုပ် အသုံးပြုနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းသိန်းဌေးက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို ပြည်နယ်၊ တိုင်းနှင့် မြို့နယ်သင်ကြားရေးအဖွဲ့ဝင်များ သင်ကြားရေးဆိုင်ရာ အရည်အသွေးမြင့်မားလာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ ပြည်နယ်နှင့်တိုင်းရှစ်ခုနှင့် မြို့နယ်ရှစ်မြို့နယ်တို့မှ သင်ကြားရေးအဖွဲ့ဝင်များ စုစုပေါင်း သင်တန်းသား ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းသိန်းဌေး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဌာနက ဦးစီး၍ JICA BHS Project အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည့် သင်ကြားရေး လက်စွဲစာအုပ် အသုံးပြုနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမြွှာပူးကလေးများနှင့် မိခင်အား ငွေနှင့် အသုံးအဆောင်များ လှူဒါန်း

ဝါးခယ်မ ဇူလိုင် ၂၀

ဝါးခယ်မမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မြို့နယ်ပြည်သူ့ဆေးရုံတွင် အမြွှာပူးကလေးများနှင့် မိခင်အတွက် အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပွဲကို ဇူလိုင် ၁၃ ရက်က မြို့နယ်ပြည်သူ့ဆေးရုံတွင် ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မာဖြူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါ်သက်သက်စိန်နှင့် ဆရာဝန်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်

ထို့နောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မာဖြူနှင့် အသင်းဝင်များ၊ အလှူရှင်များက မြို့နယ်ပြည်သူ့ဆေးရုံတွင် အမြွှာပူးမိန်းကလေးမွေးဖွားသော မိခင် ဒေါ်သန်းသန်းနု (ဘိုးဘေးအညာစုကျေးရွာ)အား ထောက်ပံ့ငွေကျပ် ငါးသောင်းနှင့် အဝတ်အထည်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** (၁၈၂)

စာအုပ်စာပေ
လှူ့မိတ်ဆွေ

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၀

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် အင်းဓဝယ်ကျေးရွာ၌ ကျင်းပသည့် မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ပြသထားသော တီကျစ်စာမြေဆွေးနှင့် တီကောင်မွေးမြူထားမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဓာတ်မြေဩဇာများကို တောင်သူများအားပေးအပ်ကာ စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဟသ်ာတမြို့ အမှတ်(၃၃) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ် ဖွင့်လှစ်ပွဲသို့ တက်ရောက်ရာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး တိုင်းပညာရေးမှူးက ပညာရေးဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင်က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်၍ ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားသည်။

တိုင်းမှူးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ဟသ်ာတမြို့ မြို့တော်ခန်းမ၌ ကျင်းပသော တောင်သူများသို့ စိုက်ပျိုးစရိတ်နှင့် သွင်းအားစုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တောင်သူများသို့ စိုက်ပျိုးစရိတ်၊ သွင်းအားစုများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် လေးမျက်နှာမြို့ မြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ခြောက်ဘာသာနှင့် ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူတို့အား ဆုချီးမြှင့်ကာ ကျောင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူတို့က ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး အခြေခံပညာအထက်တန်းကျောင်းများအား ချီးမြှင့်ငွေများကိုပေးအပ်ကြသည်။

ယင်းနောက် အလှူရှင်များက ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတို့က ကျေးဇူးတင်စကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသော တောင်သူများသို့ စိုက်ပျိုးစရိတ်နှင့် သွင်းအားစုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တောင်သူများသို့ စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အလှူရှင်တို့က ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၅ ၇။ အတီးပြိုင်ပွဲ
- ၈း၂၅ ၈။ "မြန်မာပြည်တစ်ဝန်း လွှင့်ပျံ့နေမည့် မြန်မာ့ရုပ်သံနှင့် ဆက်စပ်လိုင်း"
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၅ ၄။ တေးဂီတအစီအစဉ်
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ နားဝင်ပီယံသူ့လက်သံ
- ၅း၁၀ ၈။ သီချင်းကြီးပဒေသာ
- ၅း၂၀ ၉။ "နောက်မကျရအောင်"
- ၅း၃၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၃၅ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၀၅ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇း၃၅ ၁၇။ အလင်္ကာကျော်စွာ ရွှေပြည်အေးနှစ်(၁၀၀)ပြည့် တေးဂီတအစီအစဉ် (အပိုင်း-၄)
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ တို့အိမ်ကလေး (တေးဆို-နေရဲမာန်၊ တေးရေး-OVATION အဖွဲ့)
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၆၁)**
- ၂၃။ ၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ "တော်ဝင်ရုပ်စုံသဘင်" (ဒုတိယဆု)(စစ်ကိုင်းတိုင်း)
- ၂၄။ အစီအစဉ်ပြီး၏။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ပဲခူးမြို့ ရွှေဝါထွန်းခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများအား အမှာစကားပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

အလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲ ကျင်းပ

ရေစကြိုု ဇူလိုင် ၂၀

မကွေးတိုင်း ရေစကြိုမြို့နယ် ချင်းယားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်တွင် အဆိုပါကျောင်းအဝင်မုခ်ဦး၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းဇော်ဦးတို့က ဖဲကြိုးဖြတ်၍ မုခ်ဦးဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်များကို ကျောင်းရှေ့မဏ္ဍပ်၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်၊ ကျောင်းအကျိုးဆောင်နာယက ရပ်မိရပ်ဖ ဦးချို၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာတင့်၊ ကျေးရွာ၊ ရပ်ကွက်အဖွဲ့ဝင် ဦးကျော်စိန်တို့က အသီးသီးအမှာစကား ပြောကြားပြီး ကျောင်းအကျိုးဆောင်အဖွဲ့ဝင်များက မြို့နယ်ပညာရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ကျောင်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်သည်။ (၃၇၄)

ဝန်ကြီး ဦးလှထွန်း ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၂၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဇူလိုင် ၁၆ ရက် ညနေပိုင်းတွင် ပဲခူးမြို့ ရွှေဝါထွန်းခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ပြည်တွင်း အခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဌေးနှင့် ပဲခူးတိုင်းအတွင်းရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ခံများက ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ အလေးအနက်ထားဆောင်ရွက်ကြရန်၊ ဌာနတာဝန်ခံများ အနေဖြင့် ဌာနအလိုက် ရသင့်ရထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာရရှိရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို အကျိုးရှိစွာ အသုံးပြုကြရန် ဖြစ်ကြောင်း စသဖြင့် အကျယ်တဝင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပဲခူးတိုင်း မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဘဏ္ဍာရေး၊ ငွေရေး၊ ကြေးရေးနှင့် အခွန်ဆိုင်ရာကဏ္ဍအသီးသီးတို့မှ ပံ့ပိုးဖြည့်ဆည်းပေးရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဒေါ်သန်းသန်းထွေးနှင့်အဖွဲ့ တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကျောက်တိုင် ပန်းခြံအတွင်း ပန်းအလှများ ဖူးပွင့်ဝေဆာစွာ ဆောင်ရွက်ထားရှိမှုကိုကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းကျော် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်တန်းမြို့နယ်အသင်း(ရန်ကုန်) အစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၀

ရန်ကုန်မြို့ တာမွေမြို့နယ် လက်ဝဲမင်းဒင်လမ်းရှိ ကျောက်တန်းမြို့နယ်အသင်း (ရန်ကုန်)က ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အသင်းမွော်ရုံ၌ အစည်းအဝေး ကျင်းပမည်ဖြစ်ရာ မြို့နယ်အသင်းဝင်များ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးစိန်ထွန်းအောင် (ဂုဏ်ထူးဆောင်နာယက) ဖုန်း-၅၇၀ ၈၅၉၊ ဦးချန်ဟိုး(ဥက္ကဋ္ဌ) ဖုန်း-၆၈၂၈၈၄၊ ဦးတင်မြင့်(အတွင်းရေးမှူး) ဖုန်း-၇၂၃၀၀ ၅၂၅၉ နှင့် ဦးဝေလွင် (ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၈၁၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ဥတုရာသီ
တောကိုမှီ၏

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်း သင်တန်းဆင်းပွဲများ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အဆင့်မြင့်စက်ချုပ် အထူးသင်တန်းအမှတ်စဉ်(၂)နှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားများကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် ဘိုကလေးမြို့ မြို့နယ်ခန်းမ၌ လည်းကောင်း၊ ညနေ ၃ နာရီတွင် မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ လည်းကောင်း၊ ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီတွင် လပွတ္တာမြို့ ရွှေနဒီခန်းမ၌ လည်းကောင်း ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် အဆင့်မြင့်စက်ချုပ် အထူးသင်တန်း အမှတ်စဉ်(၂)နှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၄)တို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုများပေးအပ် ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ယင်းနောက် လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုများနှင့် သင်တန်းဆင်းလက်ရာများကို ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

အဆိုပါသင်တန်းများကို မေ ၃ ရက်မှစ၍ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး ဧရာဝတီတိုင်း ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ်များမှ ကျေးလက်ဒေသနေ သင်တန်းသူ ၃၀ စီနှင့် မြို့ပေါ်ရပ်ကွက်များမှ သင်တန်းသူ ၃၀ စီ၊ စုစုပေါင်း ၆၀ စီဖြင့် စုစုပေါင်း ၂၄၀ သင်တန်းတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

☆ကျောဖုံးမှ

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းမော်ကျေးရွာရှိ ပင်လယ်မြို့ဟောင်း တူးဖော်သုတေသနလုပ်ငန်းများကို ဇွန် ၆ ရက်မှ ဇူလိုင် ၁၂ ရက်အထိ ဆောင်ရွက်ခဲ့သည်။

တူးဖော်သုတေသနပြုလုပ်ခဲ့သည့် ကုန်းအမှတ်(၂၀)မှ ထွက်ပေါ်လာသော အဆောက်အအုံပုံစံသည် ပျူမြို့ဟောင်းများ၌ တူးဖော်တွေ့ရှိရသည့် စတုရန်းပုံ ပန္နက်၏ အလယ်ဗဟိုတွင် စက်ဝိုင်းပုံ ပန္နက်ပါရှိသည့် ဗုဒ္ဓသာသနိက အဆောက်အအုံ၏ ပန္နက်ပုံစံမျိုးဖြစ်သည်။ တူးဖော်တွေ့ရှိရသော အဆောက်အအုံ၏ အတိုင်းအတာမှာ အောက်ခြေပေ ၅၃ ပေ × ၅၃ ပေပတ်လည်၊ အရှေ့ဘက်နှင့် အနောက်ဘက်အုတ်ခုံလှေကား အလျား ၁၄ ပေ၊ အနံ ကိုးပေ၊ အမြင့် ရှစ်ပေတို့ဖြစ်သည်။

အဆောက်အအုံ၏ အလယ်ဗဟိုတွင် အချင်း ၂၂ ပေရှိသော စက်ဝိုင်းပုံသဏ္ဌာန် အုတ်ရိုးတန်းတည်ရှိပြီး အုတ်နံရံအဆင့်များတွင် အဆင်တန်ဆာပါရှိသော အုတ်ရိုးတန်းများနှင့် မြေမီးဖုတ် ရုပ်ကြွလက်ရာများဖြင့် တန်ဆာဆင်ထားသည်။ အဆောက်အအုံကို ပုံသဏ္ဌာန်အမျိုးမျိုးသောအုတ်ဖြင့် တည်ဆောက်ထားသည်ကို တွေ့ရှိရသည်။ တစ်ဖက်ခုံးအုတ်၊ တစ်ဖက်ဝိုင်းအုတ်၊ တစ်ဖက်ချွန်အုတ်၊ အနားတွန့်အုတ်၊ ကနုတ်ပန်းအုတ်ချပ်များဖြင့် လှပစွာ တည်ဆောက်ထားသည်။ မြင်းစီးရုပ်ကြွပုံ၊ ခြေလေးချောင်း သတ္တဝါပုံ၊ ကနုတ်ပန်းနှင့် ကြာပန်းပွင့်ပုံ၊ ဗျာလရုပ်ပုံများ စသည့် ရုပ်ကြွပုံများ ဖော်ကျူးထားသော မြေမီးဖုတ်ရုပ်ကြွ လက်ရာများကို အဆောက်အအုံ ပတ်လည်တွင် တန်ဆာဆင်ကပ်ထားကြောင်း တွေ့ရှိရသည်။

အဆိုပါ အဆောက်အအုံကြီး၏ ထူးခြားချက်များမှာ ဗိဿနိုးမြို့ဟောင်းရှိ ကုန်းအမှတ် (၁၄)နှင့် (၁၈)တို့၏ ပန္နက်ပုံ၊ သရေခေတ္တရာမြို့ဟောင်းရှိ မသီးကျကုန်း၏ ပန္နက်ပုံ၊ ယခင်တူးဖော်ခဲ့သည့် ပင်လယ်မြို့ဟောင်းရှိ ကုန်းအမှတ် (၈)၊ (၁၄)၊ (၁၅)တို့၏ ပန္နက်ပုံများနှင့် အလွန်တူညီကြောင်း တွေ့ရှိရသည်။

ယခုတူးဖော်တွေ့ရှိရသော အဆောက်အအုံကြီးနှင့် မြေလွှာဖွဲ့စည်းမှုစသည့် ဘာသာရေးယုံကြည်ကိုးကွယ်မှုဆိုင်ရာ သာသနိကအဆောက်အအုံဖြစ်ကြောင်း အဆောက်အအုံ၏ ပန္နက်ပုံ၊ တူးဖော်တွေ့ရှိသော ပစ္စည်းများကို လေ့လာ၍ သုံးသပ်နိုင်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ရှေးအတိတ်ကာလမှ ယနေ့တိုင် ကြွင်းကျန်တည်ရှိနေသော ယဉ်ကျေးမှုသမိုင်း အထောက်အထားများကို မြန်မာနိုင်ငံအနှံ့ရှာဖွေလေ့လာ၍ တူးဖော် သုတေသနပြုလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပင် လယ် မြို့ဟောင်း တူးဖော်မှု ကုန်းအမှတ်(၂၀) မှ တွေ့ ရှိ ခဲ့ သော အဆောက် အအုံနှင့် အ ဆင် တန်ဆာ ပါ သော မြေ မီး ဖုတ် အုတ် ချပ် ရုပ် ကြွ များ ကို တွေ့ ရ စဉ်။ (သတင်းစဉ်)

ပင် လယ် မြို့ဟောင်း တူးဖော်မှု ကုန်းအမှတ်(၂၀) မှ တွေ့ ရှိ ခဲ့ သော မြေ မီး ဖုတ် အုတ် ချပ် ရုပ် ကြွ တစ်ခု ကို တွေ့ ရ စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂၀

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)အမှတ်(၂၈)တွင် "Political Times" အထူးအချပ်ပို အပါအဝင် "၂၀၁၀ အလွန်အတွက်မျှော်မှန်း မြန်မာ့စီးပွားရေးအသွင်ကူးပြောင်းမှုခြေလှမ်း" မျက်နှာဖုံး စီးပွားရေးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာမောင်စူးစမ်း ရေးသားသည့် ဖွခြင်းနှင့် ဝိရောဓိတစ်ပါး၊ ဆရာမောင်ဝံသ ရေးသားသည့် လူငယ်တွေ နိုင်ငံရေးလုပ်သင့်တဲ့အချိန်၊ ဆရာမောင်သာနုရေးသားသည့် နိုင်ငံရေးသည် ပကတိသဘောကို ပစ်ပယ်၍မရ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်နှင့် တွေ့ဆုံခြင်း စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့်တွေ့ဆုံခြင်း၊ ရှော့ပင်းစင်တာပါ ဗီယက်နမ်စီးပွားရေးစင်တာ မြန်မာနိုင်ငံတွင် တည်ထောင်မည်၊ ရန်ကုန်ရှိဈေးကြီးအချို့ ကြွက်နှိမ်နင်းရေး ယခင်ထက် ပိုမိုကြပ်မတ်ဆောင်ရွက်လာ၊ ကုန်စည်ဒိုင် ၂၈ ခု မြန်မာနိုင်ငံအနှံ့ ထပ်မံတည်ထောင်မည်၊ တော်လည်းသံနှင့်အတူ မန္တလေးတွင် ငလျင်လှုပ်ခဲ့၊ လမ်းဘေးပုံကျဈေးသည်များကို မြို့နယ်အလိုက် ကြပ်မတ်ဆောင်ရွက်နိုင်ပြီ၊ စာပေနှင့် စာနယ်ဇင်းအသိုင်းအဝိုင်း ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ ဆေးခန်းဖွင့်မည်၊ ဘတ်စ်ကားပေါ်တွင် ခါးပိုက်နှိုက်ကာ ဓားဖြင့်ထိုးသူများကို ဖမ်းမိပြီ၊ အိမ်ခြံမြေ အရောင်းနှင့် အငှားများ ယခင်နှစ်ထက် သိသိသာသာတက်၊ ရှိုလာထောင်စုနှစ်ပန်းခြံနှင့် ရှည်လျားသောခရီးတစ်ခု၏ နိဂုံး၊ ကိုရီးယားခရီးသွားဆောင်းပါး၊ သူနဲ့ပတ်သက်ပြီး စိတ်ချမ်းသာရလို့ ပြည့်စုံတယ်လို့ခံစားရပါတယ် သံသာဝင်းနှင့် တွေ့ဆုံခြင်း စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် အိန္ဒိယထက် တရုတ်အသာစီးရနေ၊ ပြုပြင်ပြောင်းလဲမှုများဖြင့် အာရှ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်မောင်းနှင်ရန်လိုအပ်၊ စင်ကာပူတွင် အမြဲတမ်းနေထိုင်ခွင့် အောက်ခြေလူတန်းစားများ ပိုမိုရရှိလာ၊ ပေကျင်းတွင် မူကြိုကလေးများအား အင်္ဂလိပ်စာသင်မည့်သူများ အင်္ဂလိပ်ဝါကျတစ်ထောင်တတ်မြောက်ရန်လို၊ သက်ကြီးပိုင်းများ လိင်ဆက်ဆံရာတွင်သတိထား၊ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ထိထိရောက်ရောက် ဆောင်ရွက်ပေးမည်ဟု အစ္စရေးဝန်ကြီးချုပ်ကတိပြု၊ စင်ကာပူစီးပွားရေး အပူရှိန်လွန်ကဲမှုဖြစ်ဖွယ်ရာ အကြောင်းမရှိဟု ပညာရှင်တို့ဆို၊ ရောမခေတ်ဒင်္ဂါးပြား ၅၂၅၀၀ ပါ မြေအိုးကြီး လယ်ကွင်းထဲကတွေ့၊ အငိုတိတ်ရန် ပြင်းထန်စွာလှုပ်ရမ်းရာမှ ကလေးငယ်သေဆုံးသဖြင့် ဖခင်ဖြစ်သူထောင်ကျ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ပါရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည)

၂၁-၇-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော်(ဓဇဂ္ဂသုတ်) မမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၄၉) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	ဆိုကြပျော်ရှင်တေးသံစဉ် တေးပဒေသာ
၁၂း၀၀	စံတော်ချိန် တေးပဒေသာ
၁၂း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (အထုံးပြေတဲ့နေ့)
၁၂း၄၅	တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	ခံတွင်းမြိန်စရာသူ့လက်ရာ (ဝက်သားအင်ဥ၊ သရက်ချဉ်သုပ်နဲ့ ဒန့်သလွန်ရွက်ဟင်းချို)
၅း၁၀	Current Song
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ(၁၆)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၅၉)
၆း၂၀	ကျေးလက်ဇာတ်လမ်း (ရေထဲကအရိပ်)
၆း၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၇း၁၅	အနုအလှစုံစုံသူ့ဘဝအဖုံဖုံ (ညီဂျော်)
၇း၃၀	တေးပဒေသာ
၇း၄၀	ဝတ္ထုတိုခံစားမှု (မန်ကျည်းကိုးပင်)
၈း၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၈း၂၀	သူ့ခေတ်သူ့ခါတေးကမ္ဘာ
၈း၅၀	ကျန်းမာရေးရာသိကောင်းစရာ (ဆေးဖက်ဝင်မန်ကျည်းသီး) လူမှုရေးဦးတည်ချက်
၉း၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ပေးအပ်လှူဒါန်း

ကွယ်လွန်သူ သမီး မအိရွှေစင်အား ရည်စူး၍ ဦးကျော်မြင့်-ဒေါ်ခင်နွယ်နွယ် မိသားစုက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် ဆေးပဒေသာပင် ငွေကျပ် ၁၀ သိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒီရေတော ကဏန်းဘေးမဲ့ဇုန်တွင်း အရွယ်သေးကဏန်းသားပေါက်များ မျိုးစိုက်ထည့်လွှတ်

ချောင်းဆုံ ဇူလိုင် ၂၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ဒီရေတော ကဏန်းဘေးမဲ့ဇုန်အတွင်းသို့ အရွယ်သေးကဏန်း သားပေါက်ကောင်ရေ ၁၇၅၀ ကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီခွဲတွင် မျိုးထည့်စိုက်လွှတ်ခြင်းအခမ်းအနားကျင်းပရာ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်၊ ချောင်းဆုံမြို့နယ် ဦးစီးမှူး ဦးသန်းလင်း၊ ကလော့ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့များ၊ သယံဇာတထိန်းသိမ်းရေး အဖွဲ့ဝင်များ၊ ရေလုပ်သားများ တက်ရောက်ကြပြီး ကဏန်းဘေးမဲ့ဇုန်အတွင်း ကဏန်းမျိုးစိုက်ထည့်လွှတ်ခဲ့ကြောင်း သတင်းရှိသည်။

(ပြည်နယ်ငါးဦးစီး)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နုနှင့် အဖွဲ့ ဇွန် ၅ ရက်က ကျောက်တော်မြို့ မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ပေါက်ခေါင်းမြို့နယ်၌ ဇီဝိတဒါန ဆေးကုသရေးအလှူပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

ကျန်းမာရေးစောင့်ရှောက်မှု စေတနာလုပ်အားရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း (HCVG MMA) အစီအစဉ်ဖြင့် အလှူရှင် ဦးငွေအောင်-ဒေါ်ငွေငွေညွန့် (SAKURA COMPANY) တို့ လှူဒါန်းသည့် ဇီဝိတဒါနဆေးကုသရေးအလှူပွဲကို ဇူလိုင် ၁၆ ရက်မှ ၁၉ ရက်အထိ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်ဆေးရုံ၌ ကျင်းပခဲ့သည်။

အခမဲ့ဆေးကုသမှုတွင် ပါမောက္ခ ဒေါက်တာဦးအောင်ခင် (အဖွဲ့ခေါင်းဆောင်)၊ ဥက္ကဋ္ဌ (HCVG MMA) နှင့် ဒေါက်တာဦးအောင်ထွန်း (ဆေးရုံအုပ်ကြီး-ငြိမ်း) အတွင်းရေးမှူး (HCVG MMA) တို့က ဦးဆောင်ကူညီပံ့ပိုးပြီး အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်း ၄၀ တို့သည် ခွဲစိတ်၊ သားဖွား၊ ကလေး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့်ခံတွင်း၊ အရေပြား၊ မေ့ဆေး စသည့် ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ မြို့နယ်အတွင်းရှိ ပြည်သူ ၁၁၆၅ ဦး လာရောက်ဆေးကုသမှု ခံယူခဲ့ကြသည်။

အဆိုပါ ဇီဝိတဒါနဆေးကုသရေးအလှူပွဲတွင် ပေါက်ခေါင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းထွန်းနှင့် ဆရာဝန်၊ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သိန်းဆွေနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ကြက်ခြေနီလူငယ်များက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ နိုင်ငံနှင့် ပြည်သူမှ

ဗဟုသုတလည်း ပြည့်စုံကာ နှံ့နှံ့စပ်စပ်လည်း သိသူဖြစ်သည်။ ဦးလေးလှက ရောက်ရောက်ချင်းပင်--

ဦးလေးလှ။ ။ဘာတွေများစဉ်းစားနေတာလဲ၊ သတင်းစာတွေလည်း ရှေ့မှာ ချထားလို့ပါလား။

ကျွန်တော်။ ။ဟုတ်တယ် ဦးလေးလှ၊ အခုသတင်းစာတွေမှာ ဖော်ပြထားတဲ့ ကဏ္ဍပေါင်းစုံက တိုးတက်ဖွံ့ဖြိုးလာမှုတွေကြည့်ရင်း ၁၉၈၈ ဝန်းကျင် အခြေအနေနဲ့ နှိုင်းယှဉ်ပြီးစဉ်းစားနေမိတာပါ။ ဦးလေးလှက ရှေ့မီ နောက်မီဆိုတော့ သိသလောက် ပြောပြစမ်းပါဦး။

ဦးလေးလှ။ ။တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကတော့ ဘက်စုံကဏ္ဍစုံမှာ အားရစရာပါပဲကွာ။ ငါတာဝန်ထမ်းဆောင်ခဲ့တဲ့ ပို့ဆောင်ရေးကဏ္ဍကို ကြည့်ရင်ကိုပဲ အများကြီးပြောင်းလဲတိုးတက်လာတာ အမှန်ပဲဟေ့။ ပို့ဆောင်ရေးကဏ္ဍရဲ့ လေကြောင်းကဏ္ဍမှာဆိုရင် ၁၉၈၈ ခုနှစ်မတိုင်မီ အခြေအနေက နိုင်ငံတစ်ဝန်းလုံး လေယာဉ်ကွင်း ၆၆ ကွင်းပဲ ရှိခဲ့တယ်။ ဒါက လေယာဉ်ဆင်းတက်နိုင်တဲ့ လေယာဉ်ကွင်းတွေ ဆိုရပေမယ့် တကယ်တမ်းမှာတော့ လေယာဉ်ကြီးတွေ ဆင်းတက်နိုင်တဲ့ အဆင့်မရှိခဲ့ဘူး။ အဲဒီတုန်းက ရန်ကုန် မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးချမ်းမြသာစည် လေဆိပ်တွေလောက်ပဲ လေယာဉ်ကြီးတွေဆင်း/တက်နိုင်တဲ့ အဆင့်ရှိတယ်လို့ ပြောရမှာပါ။ ဒါပေမယ့်လည်း အဲဒီလေယာဉ်ကွင်းတွေဟာ တကယ်တမ်းမှာ နိုင်ငံတကာ ခရီးသည်တင် လေယာဉ်ကြီးတွေ စိတ်ချလက်ချ ဆင်းနိုင်တက်နိုင်အောင် စံချိန်စံညွှန်းမီတဲ့ အဆင့်မရှိဘူးလို့ ပြောရင်လည်းရပါတယ်။

ကျွန်တော်။ ။ဒါဆိုရင် ပြည်တွင်းပြည်ပ လေကြောင်းခရီးစဉ်တွေဟာ ဒီကွင်းတွေမှာ သွားလာပျံသန်းမှုရှိရဲ့လား။

ဦးလေးလှ။ ။ရှိတာပေါ့၊ ဒါပေမယ့် တွင်တွင်ကျယ်ကျယ်တော့ မလုပ်နိုင်ခဲ့ဘူး၊ ရန်ကုန်-စစ်တွေ၊ ရန်ကုန်-မန္တလေးစတဲ့ လေယာဉ်ခရီးစဉ်တွေလောက်ပဲ ခရီးသည်များတာပါ။ ဒါက ပြည်တွင်းခရီးစဉ်ပါ။ အဲဒီအချိန်က ပြည်တွင်းခရီးစဉ်တွေမှာ ဖော်ကာလေယာဉ်တွေနဲ့ပဲ ပျံသန်းပေးခဲ့တယ်။ ပြည်ပခရီးစဉ်အနေနဲ့လည်း ရန်ကုန်-ဗန်ကောက် ခရီးစဉ်တစ်ခုတည်းကိုပဲ ဦးစားပေးပျံသန်းခဲ့တာမို့ ပြည်ပခရီးသည် ဝင်ထွက်မှုက ပုံမှန်အနေအထားထက် မပိုခဲ့ဘူးလို့ ဆိုရမှာပေါ့။

ကျွန်တော်က ဦးလေးလှကို ကြည့်နေမိသည်။ တွေးတွေးဆဆ ပြောနေသော ဦးလေးလှက ပြည်တွင်းပြည်ပ လေကြောင်းပို့ဆောင်ရေး တိုးတက်ဖြစ်ထွန်းမှု နည်းပါးခဲ့ခြင်းအပေါ် ပြန်ပြောင်းသတိရဟန်ဖြင့် အဝေးသို့ငေးကြည့်နေသည်။ သူတာဝန်ထမ်းဆောင်ခဲ့သော ပို့ဆောင်ရေးပြည်သူ့ဝန်ထမ်းဘဝကို သတိရနေသည့်နှယ်။

ကျွန်တော်။ ။ဒါထက် ၁၉၈၈ ခုနှစ် နောက်ပိုင်းအခြေအနေကိုလည်း ပြောပြပါဦး၊ ပို့ဆောင်ရေးကဏ္ဍမှာ တိုးတက်မှုရှိရဲ့လား။

ဦးလေးလှ။ ။ရှိပြီကောမောင်ရာ။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ တပ်မတော်အစိုးရဟာ တစ်နိုင်ငံလုံးမှာ နေရာအနှံ့ လေယာဉ်ကွင်းသစ်တွေ တည်ဆောက်ခဲ့တယ်။ ပြေးလမ်းပေ ၁၀၀၀၀ အထက် လေယာဉ်ကွင်းသစ် သုံးကွင်း တည်ဆောက်ပေးခဲ့ပြီး ယခင်ကွင်းဟောင်း ရှစ်ကွင်းကို ပေ ၁၀၀၀၀ အထက် ဖြစ်လာအောင် တိုးချဲ့တည်ဆောက်ပေးခဲ့တာကြောင့် ယခုဆိုရင် ပေ ၁၀၀၀၀ အထက် လေယာဉ်ကွင်းပေါင်း ၁၁ ကွင်းအထိ ရှိလာခဲ့ပြီဖြစ်တယ်။ ဒါ့အပြင် ပေ ၅၀၀၀ အထက် လေယာဉ်ကွင်းပေါင်း ၂၇ ကွင်းအထိ ရှိလာအောင် လေယာဉ်ကွင်းအဟောင်းတွေကိုလည်း အဆင့်မြှင့်တင်ပေးခဲ့တယ်။ ဒါကြောင့်မို့ အခုဆိုရင် မြန်မာနိုင်ငံမှာ လေယာဉ်ကွင်းပေါင်း ၆၉ ကွင်း ရှိနေပြီပေါ့။ နိုင်ငံတကာအဆင့်မီ လေဆိပ်တွေအနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွေကို တည်ဆောက်အဆင့်မြှင့်တင်ပေးထားသလို အခုဆိုရင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုပါ တည်ဆောက်နေပြီ ဖြစ်တယ်။ ဒါ့အပြင် ပြင်ဦးလွင်မှာရှိတဲ့ အနီးစခန်းလေဆိပ်၊ ဘုတ်ပြင်းလေဆိပ်၊ ကျောက်ထုလေဆိပ်၊ ပခုက္ကူလေဆိပ် စတဲ့ လေဆိပ်သစ်တွေကိုလည်း တည်ဆောက်ပေးခဲ့တယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ ကတ္တရာပြေးလမ်း အရှည်ဟာ ပေ ၁၂၀၀၀ ရှိတဲ့အပြင် အကျယ်က ပေ ၂၀၀ ကျယ်တယ်။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်က ကွန်ကရစ်ပြေးလမ်း အရှည်ပေ ၁၄၀၀၀ ရှိပြီး အကျယ်ပေ ၂၀၀ ရှိတယ်။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ ပြေးလမ်းဟာ ကမ္ဘာပေါ်မှာ ဒုတိယအရှည်ဆုံး ပြေးလမ်းဖြစ်ပြီး အရှေ့တောင်အာရှမှာတော့ အရှည်ဆုံးဖြစ်တဲ့ လေယာဉ်ပြေးလမ်းပေါ့ ငါ့တူရာ။ ဘယ်လောက် ဂုဏ်ယူစရာကောင်းလဲ။

ကျွန်တော်။ ။သိပ်မှန်တာပေါ့ ဦးလေးလှရာ။ ဒါနဲ့ လေယာဉ်ပြေးဆွဲပျံသန်းမှုနဲ့ ခရီးစဉ်တွေကော ဦးလေးလှသိရင် ပြောပြပါဦး။ ခရီးသည်စီးနင်းလိုက်ပါမှုအခြေအနေရောပေါ့။

ဦးလေးလှ။ ။နိုင်ငံတော်က ပြည်တွင်းပြည်ပ လေကြောင်းခရီးစဉ်ပျံသန်းရေး ဖွံ့ဖြိုးဖို့အတွက် နိုင်ငံတော်အပိုင်းနဲ့ ပုဂ္ဂလိကအပိုင်းတွေကို ဟန်ချက်ညီ တွန်းအားပေးခဲ့တယ်လေ။ ဒါကြောင့် နိုင်ငံတော်ပိုင် မြန်မာ့လေကြောင်းက ခရီးသည် ၈၅ ဦးစီးနဲ့ ခရီးသည် ၄၄ ဦး စီးနိုင်တဲ့ ဖော်ကာလေယာဉ်တွေနဲ့ ပြည်တွင်းခရီးစဉ်တွေဖြစ်တဲ့ ရန်ကုန်-မန္တလေး၊ ရန်ကုန်-စစ်တွေ၊ ရန်ကုန်-ဟဲဟိုး၊ ရန်ကုန်-ကျိုင်းတုံ စတဲ့ ခရီးစဉ်တွေကို နေ့စဉ်ပြေးဆွဲနေတယ်။ ကျန်တဲ့ လေယာဉ်ခရီးစဉ်ပေါင်း ၂၅ ခုကိုလည်း ရက်သတ္တပတ်ကို ငါးရက်၊ လေးရက်၊ သုံးရက် စသည်ဖြင့် ပုံမှန်ပြေးဆွဲပေးနေတယ်။ ဒါ့အပြင် ပုဂ္ဂလိကလေကြောင်းလိုင်းတွေကိုလည်း ခွင့်ပြုပေးနိုင်ခဲ့လို့ အခုဆိုရင် အဲပုဂံ၊ အဲရန်ကုန်၊ အဲမန္တလေး စတဲ့လေကြောင်းလိုင်းတွေက ပြည်တွင်းခရီးစဉ်ပေါင်းများစွာကို ပျံသန်းပြေးဆွဲနေကြပြီလေ။ ဒါကြောင့် ပြည်တွင်းခရီးစဉ်တွေမှာ ခရီးသွားပြည်သူတွေ နေ့စဉ်ထောင်နဲ့ချီပြီး အေးချမ်းသက်သာလုံခြုံစွာ သွားလာနေကြပြီ။ ဝမ်းသာစရာပါပဲ။ ပြည်ပလေကြောင်းခရီးစဉ်တွေဆိုရင်လည်း မြန်မာ့လေကြောင်းက ရန်ကုန်-ဗန်ကောက်၊ ရန်ကုန်-စင်ကာပူ၊ ရန်ကုန်-ကွာလာလမ်ပူ၊ ရန်ကုန်-ဂယာ(အိန္ဒိယ) စတဲ့ခရီးစဉ်တွေကို နေ့စဉ်ပျံသန်းပေးနေကြတဲ့အပြင် ပုဂ္ဂလိကလေကြောင်းလိုင်းဖြစ်တဲ့ အဲပုဂံက ရန်ကုန်-စင်ကာပူ၊ ရန်ကုန်-ဗန်ကောက်၊ အဲမန္တလေးက ရန်ကုန်-ချင်းမိုင်တို့သို့ ပြေးဆွဲနေပြီ ဖြစ်တယ်။ ဒါ့အပြင် နိုင်ငံတကာ လေကြောင်းလိုင်းတွေက ခရီးသည်လေယာဉ်တွေလည်း စဉ်ဆက်မပြတ် ဆိုက်ရောက်နေတာမို့ ပြည်ပလေကြောင်း ခရီးသွားပြည်သူတွေအတွက် အဘက်ဘက်က အဆင်ပြေအောင် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးနေတာ ထင်ရှားတယ်ဟေ့။ ပြည်တွင်းပြည်ပ ခရီးသည်တွေလည်း လေကြောင်းခရီးစဉ်တွေကိုပဲ အားကိုးအားထား လိုက်ပါစီးနင်းနေကြလို့ တစ်နေ့တခြား ခရီးသည်တိုးတက်များပြားလာနေတာပေါ့။

ကျွန်တော် ပြည်တွင်းခရီးစဉ်များကို လေယာဉ်ဖြင့်သွားသည့်အခါတိုင်း ခရီးသည်အပြည့်ဖြစ်နေတာချည်း ကြုံတွေ့ခဲ့ရသည်။ လေယာဉ်ခရီးလိုင်းများ တိုးတက်လာသလို ပြည်သူများ လေကြောင်းခရီးစဉ်ဖြင့် အချိန်တိုအတွင်း သွားလာနိုင်မှုများ၊ လေကြောင်းခရီး အဆင်ပြေချောမွေ့မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ကြောင့် နယ်စပ်ဒေသ လေဆိပ်များဖြစ်သည့် ကျိုင်းတုံ၊ တာချီလိတ်၊ ဟဲဟိုးတို့တွင် ပြည်ပခရီးသွားဧည့်သည်များကိုလည်း အများအပြား တွေ့မြင်ရလေ့ရှိသည်။ လေကြောင်းပို့ဆောင်ရေးအောင်မြင်မှုပုံရိပ်များပင်ဖြစ်သည်။

ကျွန်တော်။ ။ရေကြောင်းပို့ဆောင်ရေးအခြေအနေကိုလည်း ပြောပြပါဦး။

ဦးလေးလှ။ ။ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအပိုင်းကို ပြောပြရရင်တော့ ၁၉၈၈ ခုနှစ် မတိုင်မီက ပြည်တွင်းရေကြောင်းခရီးစဉ်တွေအဖြစ် မြန်မာနိုင်ငံရဲ့ အဓိကမြစ်ကြီးတွေဖြစ်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်၊ ကုလားတန်၊ ဂျိုင်းမြစ်၊ အတ္ထရံမြစ်စတဲ့ မြစ်ကြောင်းတွေပေါ်မှာပဲ ပြည်တွင်းရေကြောင်းရေယာဉ်တွေ ပြေးဆွဲခဲ့တာပါ။ ရေယာဉ်အမျိုးအစားတွေကတော့ စက်ရှိရေယာဉ်နဲ့ စက်မဲ့ရေယာဉ် အစုံပါပဲ။ ခရီးသည်တင်ရေယာဉ်၊ ကုန်တင်ရေယာဉ်၊ ခရီးသည်နဲ့ကုန်တင်ရေယာဉ်၊ တွဲဆွဲရေယာဉ်နဲ့ တွန်းရေယာဉ်တွေကို အသုံးပြုခဲ့တာပေါ့။ အဲဒီအချိန်က နိုင်ငံတော်ပိုင် ရေယာဉ်စုစုပေါင်း ၄၀၀ လောက် ရှိခဲ့တယ်။ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသတွေမှာပဲ ရေကြောင်းခရီးစဉ်တွေ ပိုများခဲ့တယ်။

ကျွန်တော်။ ။အဲဒီအချိန်က ပြည်ပကရေယာဉ်အသစ်တွေ ဝယ်ယူမှုရှိခဲ့လား။ ခရီးသည်တွေ စီးနင်းလိုက်ပါမှုနဲ့ ကုန်တင်မှုတွေ အခြေအနေကောင်းမွန်ခဲ့လား။

ဦးလေးလှ။ ။ပြည်ပကရေယာဉ်သစ် ဝယ်ယူမှုတွေရှိခဲ့ပေမယ့် နည်းပါတယ်။ နိုင်ငံတော်ပိုင်ရေယာဉ်တွေကို ပြုပြင်ပြီး အသုံးပြုခဲ့ကြတာပါပဲ။ ဒလသင်္ဘောကျင်း၊ အလုံသင်္ဘောကျင်း၊ စစ်တွေသင်္ဘောကျင်း၊ ရတနာပုံသင်္ဘောကျင်း၊ ဆင်မလိုက်သင်္ဘောကျင်းစတဲ့ သင်္ဘောကျင်းတွေမှာပဲ ရေယာဉ်တွေကို ပြုပြင်ထိန်းသိမ်းပြီး သုံးရတာမို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဟာ အဲဒီအချိန်အခါက ပုံမှန်ထက်မပိုခဲ့ဘူး ဆိုနိုင်တာပေါ့။

ဆူးလေ ဆိပ်ခံတံတားတွင် နိုင်ငံခြားသင်္ဘောများပေါ်မှ ကုန်တင်/ကုန်ချ ပြုလုပ်နေစဉ်။

ကျွန်တော်။ ။၁၉၈၈ ခုနှစ်နောက်ပိုင်းရဲ့ ထူးခြားတဲ့အခြေအနေတွေလည်း ပြောပြပါဦး။

ဦးလေးလှ။ ။၁၉၈၈ နောက်ပိုင်းမှာ ပြည်တွင်းပို့ဆောင်ရေးကဏ္ဍကို "ပို့ဆောင်ခြင်းဖြင့် စီးပွားမြှင့်တင်" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း အကွက်ကျကျ စီမံဆောင်ရွက်ခဲ့တယ်။ ပြည်တွင်းရေယာဉ်တွေ ပြေးဆွဲခုတ်မောင်းမှုအရှိန်အဟုန်မပျက် တိုးတက်အောင်လည်း ကြိုးစားလုပ်ဆောင်ခဲ့တယ်။ ဆိပ်ခံ...
အသစ်တွေ တည်ဆောက်ပေ...
ဒေသမှာ ရေလမ်းခရီးစဉ်အ...
ခုနှစ် မတိုင်မီအထိ ရေယာဉ်...
အထိ တိုးချဲ့ဖြည့်ဆည်းပေး...
ဆောင်ရွက်ပေးမှုမှမဟုတ်ဘဲ...
အဆင်ပြေစေဖို့ ၁၉၉၂ ခုနှ...
ရေယာဉ် ၁၄ စင်းနဲ့ စက်မဲ့ရေ...
တယ်။ ဒါ့အပြင် ဒုတိယအကြ...
တတိယ အကြိမ်အနေနဲ့ ရေ...
ရေယာဉ်အင်ဂျင်စက်ကြီး ၁၁...
ဝယ်ယူဖြည့်ဆည်းပေးခဲ့တယ်။...
ခရီးသည်တင်ရေယာဉ်တွေဟာ...
နေ့စဉ် အစုန်နဲ့အဆန် ခုတ်...
ဆိုရင် ရေယာဉ်အစင်းပေါင်း ...
ပြည်တွင်းရေကြောင်းခရီးမှာ...
နေပြီး နှစ်စဉ်သွားလာနေကြ...
ကျော်အထိ ရှိနေပြီဖြစ်တယ်။...
တန်ချိန် သုံးသန်းကျော်အထိ...

ကျွန်တော်။ ။ပင်လယ်ရေကြောင်းပို့ဆောင်... သင်္ဘောလုပ်ငန်းလည်း ရှိတ... ပါဦး။

ဦးလေးလှ။ ။အေး ဟုတ်တယ်။ တကယ်... လုပ်ငန်းဆိုတာ တပ်မတော်... ပြောင်းခဲ့တာ။ မူလအစက ဗမ... အနေနဲ့ ၁၉၅၉ ခုနှစ် ဖေဖော်... အဲဒီအချိန်က နိုင်ငံခြားသွား... သင်္ဘောနှစ်စင်းနဲ့ စတင်ခဲ့တယ်... မြန်မာနိုင်ငံ ကြယ်ငါးပွင့်သင်္ဘော... ဖွဲ့စည်းခဲ့ပြီး ၁၉၇၂ ခုနှစ် ... သင်္ဘောကော်ပိုရေးရှင်းအဖြ... ပြေးဆွဲပေးခဲ့တယ်လေ။ ၁၉... ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း... သင်္ဘော ၁၆စင်းနှင့် ကမ်းရိုး...

သံတွဲလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ထားမှုကို တွေ့ရစဉ်။

စစ်တွေ သင်္ဘောကျင်းတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောတစ်စင်း လွန်းတင်ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

၁၉၈၈ ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော လေကြောင်းနှင့် ရေကြောင်း ပို့ဆောင်ရေးကဏ္ဍ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁။	**လေကြောင်းပို့ဆောင်ရေး**				
	-လေယာဉ်ကွင်း	ကွင်း	၆၆	၆၉	၃
	-ပြေးလမ်းပေ(၁၀၀၀၀)အထက်	ကွင်း	-	၁၁	၁၁
	-ပြေးလမ်းပေ(၅၀၀၀)အထက်	ကွင်း	၂၁	၂၇	၆
	-ပြေးလမ်းပေ(၅၀၀၀)အောက်	ကွင်း	၄၅	၃၁	အဆင့်မြှင့်တင်
၂။	**ရေကြောင်းပို့ဆောင်ရေး**				
	ပြည်တွင်းသင်္ဘော				
	- ဆိပ်ခံတံတား	ခု	၉၂	၁၁၁	၁၉
	- သင်္ဘောကျင်း	ခု	၅	၆	၁
	- ခရီးလမ်းကြောင်း	ခု	၅၃	၆၂	၉
	- ခရီးသည်	သန်း	၁၇. ၄၈	၂၅. ၇၉	၈. ၃၁
	- ခရီးသည်မိုင်	သန်း	၃၄၆. ၁၃	၅၄၁. ၂၂	၁၉၅. ၀၉
	- ကုန်တန်ချိန်	သန်း	၁. ၈၉	၃. ၆၀	၁. ၇၁
	- ကုန်တန်မိုင်	သန်း	၂၄၂. ၆၄	၄၀၀. ၄၅	၁၅၇. ၈၁
	နိုင်ငံခြားသင်္ဘော				
	- ဆိပ်ခံတံတား	ခု	၁၃	၂၈	၁၅
	- သင်္ဘော (ကမ်းရိုးတန်း၊ ပြည်ပ)	စင်း	၁၄	၂၅	၁၁
	- ကုန်းတွင်းကုန်သေတ္တာလွှင်ပြင်နှင့် ကုန်သေတ္တာစခန်း	ခု		၃	၃

နိုင်ငံတကာအဆင့်မီ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံကို တွေ့ရစဉ်။

လုပ်ဆောင်ခဲ့တယ်။ ဆိပ်ခံအသစ်တွေ၊ ဆိပ်ကမ်းဖောတံတားအသစ်တွေ တည်ဆောက်ပေးနိုင်ခဲ့သလို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ ရေလမ်းခရီးစဉ်အသစ်တွေ ပြေးဆွဲစေခဲ့တယ်။ ၁၉၉၂ ခုနှစ် မတိုင်မီအထိ ရေယာဉ်အစင်းရေလည်း စုစုပေါင်း ၅၀၀ နီးပါးအထိ တိုးချဲ့ဖြည့်ဆည်းပေးနိုင်ခဲ့တာဆိုတော့ တော်ရုံကြိုးစားဆောင်ရွက်ပေးမှုမှုမဟုတ်ဘဲ။ ပြည်တွင်းရေကြောင်းသွားလာရေးအဆင်ပြေစေဖို့ ၁၉၉၂ ခုနှစ်ဝန်းကျင်မှာ တရုတ်နိုင်ငံက စက်ရေယာဉ် ၁၄ စင်းနဲ့ စက်မဲ့ရေယာဉ် ၂၈ စင်းကို ဝယ်ယူဖြည့်ဆည်းခဲ့တယ်။ ဒါ့အပြင် ဒုတိယအကြိမ်အနေနဲ့ စက်ရေယာဉ်အစင်း ၃၀၊ တတိယ အကြိမ်အနေနဲ့ ရေယာဉ်စက်ပစ္စည်းတွေနဲ့ စတုတ္ထအကြိမ် ရေယာဉ်အင်ဂျင်စက်ကြီး ၁၁၂ လုံး အပါအဝင် အရန်ပစ္စည်းတွေကို ဝယ်ယူဖြည့်ဆည်းပေးခဲ့တယ်။ ဒီလို ဖြည့်ဆည်းပေးခဲ့လို့ ကုန်တင်နဲ့ ခရီးသည်တင်ရေယာဉ်တွေဟာ ပြည်တွင်းရေကြောင်းခရီးစဉ်တွေမှာ နေ့စဉ် အစုန်နဲ့အဆန် ခုတ်မောင်းသွားလာနေကြတာပေါ့။ အခုဆိုရင် ရေယာဉ်အစင်းပေါင်း ၆၀၀ ခန့်ရှိနေပြီလို့သိရတယ်။ ဒါကြောင့် ပြည်တွင်းရေကြောင်းခရီးမှာ ခရီးစဉ်ပေါင်း ၆၂ ခုကို ပြေးဆွဲပေးနေပြီး နှစ်စဉ်သွားလာနေကြတဲ့ ခရီးသည်ဦးရေဟာ ၂၅ သန်းကျော်အထိ ရှိနေပြီဖြစ်တယ်။ ကုန်တန်ချိန်ဆိုရင်လည်း တစ်နှစ်ပျမ်းမျှ တန်ချိန် သုံးသန်းကျော်အထိ တင်ပို့ပေးနိုင်ခဲ့ပြီပေါ့ကွာ။

ကျွန်တော်။ ။ပင်လယ်ရေကြောင်းပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းလည်း ရှိတယ်နော်။ အဲဒီအကြောင်းလည်း ပြောပြပါဦး။

ဦးလေးလှ။ ။အေး ဟုတ်တယ်။ တကယ်တော့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းဆိုတာ တပ်မတော်အစိုးရလက်ထက်ရောက်မှ အမည်ပြောင်းခဲ့တာ။ မူလအစက ဗမာ့ကြယ်ငါးပွင့်သင်္ဘောကုမ္ပဏီလီမိတက်အနေနဲ့ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှာ စတင်ဖွဲ့စည်းခဲ့တာပါ။ အဲဒီအချိန်က နိုင်ငံခြားသွား သင်္ဘောငါးစင်း၊ ကမ်းရိုးတန်းသွား သင်္ဘောနှစ်စင်းနဲ့ စတင်ခဲ့တယ်။ ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှာ မြန်မာနိုင်ငံ ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်းအမည်နဲ့ ပြန်လည်ဖွဲ့စည်းခဲ့ပြီး ၁၉၇၂ ခုနှစ် မတ် ၁၅ ရက်မှာတော့ ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်းအဖြစ် သင်္ဘောစုစုပေါင်း ၁၄ စင်းနဲ့ ပြေးဆွဲပေးခဲ့တယ်လေ။ ၁၉၈၉ ခုနှစ် ဧပြီ ၁ ရက်မှာ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းလို့ အမည်ပြောင်းပြီး နိုင်ငံခြားသွား သင်္ဘော ၁၆စင်းနှင့် ကမ်းရိုးတန်းသွား သင်္ဘော ၉ စင်း စုစုပေါင်း ၂၅ စင်းနှင့် ပြေးဆွဲပေးခဲ့တယ်။ ၁၉၈၈ ခုနှစ် မတိုင်မီကထက် သင်္ဘော ၁၁ စင်း တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ခဲ့လို့ စွမ်းဆောင်မှုအများကြီး မြင့်တက်ခဲ့တာပေါ့။

ကျွန်တော်။ ။မြန်မာ့ကြယ်ငါးပွင့်သင်္ဘောတွေက ဘယ်လိုခရီးစဉ်တွေနဲ့ ကုန်တန်ချိန် ဘယ်လောက်အထိ ပြေးဆွဲခဲ့တာတွေကော သိရင် ပြောပြပေးပါဦး။

ဦးလေးလှ။ ။ငါမှတ်ထားသလောက်ကတော့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောတွေဟာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် ဆိပ်ကမ်းတွေကို ပုံမှန်ခရီးစဉ် ပြေးဆွဲနေတယ်။ ကုန်ပစ္စည်းအပေါ် မူတည်ပြီး ပါကစ္စတန်နဲ့ အရှေ့အလယ်ပိုင်းဒေသဆိပ်ကမ်းတွေလည်း သွားလာပို့ဆောင်ပေးနေပါတယ်။ အရှေ့အာရှခရီးစဉ်တွေအနေနဲ့ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်ဆိပ်ကမ်းတွေကို သွားလာပို့ဆောင်ပေးနေသလို အရှေ့တောင်အာရှခရီးစဉ်အနေနဲ့ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံဆိပ်ကမ်းတွေကိုလည်း ဝင်ထွက်သွားလာနေတာပဲ။ နောက်ပြီး ၁၉၉၄ ခုနှစ်က စတင်လို့ ရန်ကုန်-စင်ကာပူ-ရန်ကုန် ကုန်သေတ္တာခရီးစဉ် ပြေးဆွဲနေတယ်။ အခုဆိုရင် မလေးရှားနိုင်ငံ ပို့ကီလန် ဆိပ်ကမ်းကိုပါ တိုးချဲ့ပြီး ရန်ကုန်-ပို့ကီလန်-စင်ကာပူ-ရန်ကုန် ကုန်သေတ္တာခရီးစဉ် တိုးချဲ့ပြေးဆွဲနေတယ်လေ။ ကမ်းရိုးတန်းခရီးစဉ်အဖြစ် ရခိုင်ကမ်းရိုးတန်းခရီးစဉ်မှာ သံတွဲ၊ ကျောက်ဖြူ၊ စစ်တွေဆိပ်ကမ်းတွေနဲ့ တနင်္သာရီကမ်းရိုးတန်းခရီးစဉ်မှာ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းဆိပ်ကမ်းတွေကို ပြေးဆွဲပေးနေတယ်။ နှစ်စဉ် ပြည်ပကုန်ပစ္စည်းတွေ တန်ချိန် (၁၅)သိန်းခန့် သယ်ယူပို့ဆောင်ပေးနေသလို ပြည်တွင်းကမ်းရိုးတန်းခရီးစဉ်တွေမှာ နှစ်စဉ်ခရီးသည် ၅၀၀၀၀ ကျော်နဲ့ ကုန်တန်ချိန် တစ်သိန်းကျော် သယ်ယူပို့ဆောင်ပေးနေပါတယ်။ ယခုအခါမှာတော့ နိုင်ငံတော်ရဲ့ ဈေးကွက်စီးပွားရေးစနစ်အရ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးလိုက်ပြီလို့ သိရတယ်။ ပုဂ္ဂလိကလက်အောက်မှာလည်း မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းအနေနဲ့ ပြည်တွင်းခရီးစဉ်ကို သင်္ဘော ရှစ်စင်း၊ ပြည်ပခရီးစဉ်ကို သင်္ဘော ၁၇ စင်းနဲ့ ပြေးဆွဲပေးလျက်ရှိပါတယ်။

ဗိုလ်တထောင်ဆိပ်ကမ်းနှင့် ကုန်သေတ္တာစခန်းကို တွေ့ရစဉ်။

ကျွန်တော်။ ။ဒါဆိုရင် အရင်ကထက် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ပို့ဆောင်ရေးကဏ္ဍ အများကြီးတိုးတက်လာတာပဲ။ ဒီလို တပ်မတော်အစိုးရက ဆောင်ရွက်ပေးခဲ့တာဟာ အနာဂတ်နိုင်ငံတော်အတွက် အများကြီး အကျိုးကျေးဇူးရှိမှာပေါ့နော်။

ဦးလေးလှ။ ။အေးပေါ့ကွာ။ နိုင်ငံတော်က အဲဒီလိုတွေ ကြိုးစားဖြည့်ဆည်းပေးခဲ့တာတွေကြောင့် ယခုဆိုရင် လေကြောင်းခရီးစဉ်တွေဟာ လွယ်ကူချောမွေ့လာနေပြီလေ။ ပြည်ပက ဧည့်သည်ရောက်ရှိမှု တဖြည်းဖြည်းတိုးတက်များပြားလာပြီဖြစ်သလို ပြည်ပက နိုင်ငံတကာလေကြောင်းလိုင်းတွေနဲ့ ချိတ်ဆက်မှုတွေ အများကြီး လုပ်ဆောင်ထားတာမို့ လေကြောင်းခရီးတိုင်းမှာ ခရီးသည်အပြည့်နဲ့ ပို့ဆောင်ပေးနေနိုင်ပြီပေါ့။ ပုဂ္ဂလိကလေကြောင်းကုမ္ပဏီတွေကိုလည်း ပြည်ပပြေးဆွဲခွင့်အတွက် လုပ်ပိုင်ခွင့်ပေးထားပြီမို့ မကြာခင်ကာလမှာ နိုင်ငံတကာမြို့ကြီးတွေအထိ တိုက်ရိုက်ပျံသန်းနိုင်ကြတော့မှာဖြစ်တယ်။ အနာဂတ်အကျိုးစီးပွားကို မျှော်ကိုးပြီး နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးကို နိုင်ငံတကာအဆင့်မီ လေဆိပ်ကြီးအဖြစ် အဆင့် သုံးဆင့်ခွဲပြီး တိုးချဲ့တည်ဆောက်သွားမှာဖြစ်တာမို့ ဒီလေဆိပ်သစ်ကြီး အဆင့်မြင့်ဖွင့်လှစ်နိုင်တဲ့အချိန်မှာ ဘိုးရင်း-၇၃၇ ခရီးသည်တင် အကြီးစားလေယာဉ်ကြီးတွေပါ ဆိုက်ကပ်ရပ်နားနိုင်မှာဖြစ်တယ်။ ဒါကြောင့် အနာဂတ်ကာလမှာ မြန်မာနိုင်ငံသားတွေဟာ ဥရောပ၊ အာရှ၊ အာဖရိက၊ တောင်အမေရိကနဲ့ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✳

လေယာဉ်ပြေးလမ်း ပေ ၁၀၀၀၀ အထက် လေယာဉ်ကွင်းများ

စဉ်	လေယာဉ်ကွင်းအမည်	ပြေးလမ်းအတိုင်းအတာ	မှတ်ချက်
၁။	ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်	၁၁၂၀၀ × ၂၀၀	တိုးချဲ့ဖွင့်လှစ်ပြီး
၂။	မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်	၁၄၀၀၀ × ၂၀၀	ဖွင့်လှစ်ပြီး
၃။	နေပြည်တော်လေဆိပ်	၁၂၀၀၀ × ၂၀၀	ဖွင့်လှစ်ပြီး
၄။	အနီးစခန်းလေဆိပ်	၁၀၀၀၀ × ၂၀၀	တိုးချဲ့ဖွင့်လှစ်ပြီး
၅။	နန်ပေါင်လေဆိပ်	၁၁၀၅၀ × ၂၀၀	တိုးချဲ့ဖွင့်လှစ်ပြီး
၆။	ဟုမ္မလင်းလေဆိပ်	၁၂၀၀၀ × ၂၀၀	တိုးချဲ့ဖွင့်လှစ်ပြီး
၇။	နမ့်စန်လေဆိပ်	၁၂၀၀၀ × ၂၀၀	တိုးချဲ့ဖွင့်လှစ်ပြီး
၈။	ထားဝယ်လေဆိပ်	၁၂၀၀၀ × ၁၀၀	ဆောင်ရွက်ဆဲ
၉။	ဘုတ်ပြင်းလေဆိပ်	၁၀၀၀၀ × ၁၀၀	ဖွင့်လှစ်ပြီး
၁၀။	ကျောက်ထုလေဆိပ်	၁၀၀၀၀ × ၁၀၀	ဖွင့်လှစ်ပြီး
၁၁။	တောင်ငူလေဆိပ်	၁၂၀၀၀ × ၂၀၀	တိုးချဲ့ဖွင့်လှစ်ပြီး

ဆက်လက်ဆောင်ရွက်ဆဲ အပြည်ပြည်ဆိုင်ရာ နေပြည်တော်လေယာဉ်ကွင်းစီမံကိန်း

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	**နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအဆင့်(၁)**	
	- လက်ရှိပြေးလမ်းနှင့်အပြိုင်သွားလမ်း	၁ ခု
	- အမြန် ဝင်/ထွက်လမ်း	၄ ခု
	- ဝင်/ထွက်လမ်း	၄ ခု
	- ရပ်နားရာနေရာ	၁ ခု
	- ခရီးသည် သုံးထပ်အဆောက်အအုံ	၁ ခု
	- ခရီးသည် တက်/ဆင်းတံတား	၁၀ စင်း
	- လေကြောင်းထိန်းမျှော်စင်	၁ ခု
	- Ground Service Equipments Maintenance အဆောက်အအုံ	၁ ခု
	- Fuel Farm	၁ ခု
	- Water Intake Station	၁ ခု
၂။	**နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအဆင့်(၂)**	
	- လေယာဉ်ရပ်နားရာနေရာ	၁ ခု
	- VIP လေယာဉ်ရပ်နားရာနေရာ	၁ ခု
	- ခရီးသည်အတက်/အဆင်းတံတား	၄ စင်း
	- Flight Catering အဆောက်အအုံ	၁ ခု
	- Government Complex အဆောက်အအုံ	၁ ခု
	- Airport Maintenance Base အဆောက်အအုံ	၁ ခု
၃။	**နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအဆင့်(၃)**	
	- ခရီးသည်အတက်/အဆင်းတံတား	၁၇ စင်း
	- လေယာဉ်သွားလမ်းနှင့်အပြိုင် Dual Parallel Taxiway	၁ ခု
	- လေယာဉ်ပြေးလမ်း	၁ ခု
	- Dual Parallel Taxiway	၁ စုံ
	- လေယာဉ်အမြန်ဝင်/ထွက်လမ်း	၄ ခု
	- လေယာဉ်ဝင်/ထွက်လမ်း	၄ ခု
	- ကုန်တင်လေယာဉ်ရပ်နားနေရာ	၁ ခု

အနာဂတ်နိုင်ငံတော်အတွက်၊ ပြည်သူတွေအတွက် နိုင်ငံတော်အစိုးရက ရေကြောင်း၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ အစီအစဉ်ရှိရှိ စေတနာထား ဆောင်ရွက်ပေးမှုများမှာ အထူးပင် အားရစရာကောင်းလှသည်။ အနာဂတ်ကာလတွင် မြန်မာနိုင်ငံ၌ မည်သည့်အစိုးရအဖွဲ့ တာဝန်ယူသည်ဖြစ်စေ အဆိုပါ အခြေခံကောင်း၊ အုတ်မြစ်ကောင်းများကို စနစ်တကျ ကြိုးပမ်းဖော်ဆောင်ပေးထားမှုများက နိုင်ငံနှင့် ပြည်သူ၏ အနာဂတ် အကျိုးစီးပွားအတွက် ကြီးမားသော လှုံ့လဥဿာဟဖြင့် စေတနာရှေ့ထား ဆောင်ရွက်မှုများအဖြစ် အထင်အရှား မြင်တွေ့နေရ၏။

ခရီးသည်တင်လေယာဉ်

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မြန်မာ့လေကြောင်း ပိုင် ခရီးသည်တင်လေယာဉ် တစ်စင်း ဆိုက်ကပ်နေသည်ကို တွေ့ရစဉ်။

မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် လူစီး/ကုန်တင် သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

✻ စာမျက်နှာ ၉ မှ

အရှေ့အလယ်ပိုင်းဒေသတွေအထိ နိုင်ငံတကာအနှံ့ အချိန်မရွေး လေယာဉ်ခရီးစဉ်နဲ့ သွားလို့ရတော့မယ်လေ။ နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးနေသမျှ အားလုံးဟာ တို့ပြည်သူတွေရဲ့ အနာဂတ်အကျိုးစီးပွားအတွက်ချည်းပါပဲကွာ။

ပြည်တွင်းရေကြောင်းသွားလာမှုကိုလည်း ခရီးသည်နဲ့ ကုန်တင်ရေယာဉ်တွေပြေးဆွဲမှု တိုးတက်အောင်ဆောင်ရွက်ပေးနေသလို ယခုအခါမှာ ပုဂ္ဂလိကအမြန်ရေယာဉ်တွေပါ တိုးချဲ့ခွင့်ပြုပေးခဲ့တယ်။ ဒါကြောင့်မို့ ဧရာဝတီတိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသနဲ့ မြန်မာနိုင်ငံအထက်ပိုင်း ချင်းတွင်းမြစ် ရေကြောင်းခရီးစဉ်တွေမှာ အဆင့်အတန်းမြင့်တဲ့ အမြန်ရေယာဉ်တွေနဲ့ပြေးဆွဲနိုင်လို့ ခရီးသည်တွေနဲ့ ကုန်ပစ္စည်းတွေ အချိန်တိုအတွင်း ကုန်ကျမှုနည်းနည်းနဲ့ သွားလာတင်ပို့ပေးနိုင်နေပြီပေါ့။

ဒါ့အပြင် ဈေးသင်္ဘောကြီးတွေကို တိုးချဲ့ပြေးဆွဲပေးနေသလို အပျော်စီးသင်္ဘောပြေးဆွဲမှု အစီအစဉ်တွေလည်း ဆောင်ရွက်ပေးဖို့ စီစဉ်နေတယ်။ ပုဂ္ဂလိကရေယာဉ်တွေကို ခွင့်ပြုပေးနေတာမို့ ရေယာဉ်တွေ ပိုမိုများပြားလာပြီး ယှဉ်ပြိုင်မှုအားကြောင့် ရေကြောင်းခရီးသွားလာမှုဖွံ့ဖြိုးလာမှာ အမှန်ပါပဲ။ ၁၉၈၈ မတိုင်မီတုန်းက ရေယာဉ်တည်ဆောက်ပြုပြင်နိုင်တဲ့ လွန်းကျင်းပေါင်း ငါးခုသာရှိခဲ့ပြီး ယခုအခါ နိုင်ငံတကာအဆင့်မီ တန်ချိန် ၁၂၀၀၀ သင်္ဘောကြီးတွေပါ တည်ဆောက် လွန်းတင်ပြုပြင်ပေးနိုင်တဲ့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း (ဆင်မလိုက်)အပါအဝင် လွန်းကျင်းပေါင်း ခြောက်ခုအထိ တိုးတက်လာခဲ့တယ်လေ။ ဒါကြောင့် ဆိပ်ခံဘောတံတားတွေ အသစ်ပြုပြင်တည်ဆောက်မှုနဲ့ သင်္ဘောအသစ် တည်ဆောက်မှု၊ ပြုပြင်မှုတွေလည်း အင်တိုက်အားတိုက် စီမံဆောင်ရွက်နေတာမို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဟာ အနာဂတ်ကာလမှာ ပိုမိုတိုးတက်ပြီး ပြည်သူတွေရဲ့ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မှာဖြစ်တယ်”။

ကျွန်တော်စဉ်းစားမိသည်။ အနာဂတ်နိုင်ငံတော်အတွက်၊ ပြည်သူတွေအတွက် နိုင်ငံတော်အစိုးရက ရေကြောင်း၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ အစီအစဉ်ရှိရှိ စေတနာထား ဆောင်ရွက်ပေးမှုများမှာ အထူးပင် အားရစရာကောင်းလှသည်။ အနာဂတ်ကာလတွင် မြန်မာနိုင်ငံ၌ မည်သည့်အစိုးရအဖွဲ့ တာဝန်ယူသည်ဖြစ်စေ အဆိုပါ အခြေခံကောင်း၊ အုတ်မြစ်ကောင်းများကို စနစ်တကျ ကြိုးပမ်းဖော်ဆောင်ပေးထားမှုများက နိုင်ငံနှင့် ပြည်သူ၏ အနာဂတ် အကျိုးစီးပွားအတွက် ကြီးမားသော လှုံ့လဥဿာဟဖြင့် စေတနာရှေ့ထား ဆောင်ရွက်မှုများအဖြစ် အထင်အရှား မြင်တွေ့နေရပြီဖြစ်ပါကြောင်း။ ။

အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့် တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ် ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဝန်ကြီး သူရဦးအေးမြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ ပတ္တမြားခန်းမ၌ ကျင်းပသော အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ အသစ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသော Original Group Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသာဌေးနှင့် တွဲဖက်တာဝန်ထမ်းဆောင်ကြမည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးသူရဦးအေးမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ စက်ဘီးအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေး ကြိုးစားဆောင်ရွက်သွားကြရန်၊ အားကစားသမားရွေးချယ်ရေး စီမံချက်၊ လေ့ကျင့်ရေးစီမံချက်နှင့် အောင်နိုင်ရေး စီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ စက်ဘီးအားကစားနည်းမှ အောင်မြင်မှုများ ရရှိစေရန်အတွက် စနစ်တကျ စီမံဆောင်ရွက်သွားကြရန်၊ ထူးချွန်နိုင်ပြီး အရည်အချင်း ပြည့်ဝ၍ အလားအလာရှိသည့် စက်ဘီးအားကစားသမားကောင်းများအား ရွေးချယ်လေ့ကျင့်ပေးသွားရန်၊ နိုင်ငံတကာ စက်ဘီး အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဒိုင်လူကြီးများ၊ နည်းပြများအား သင်တန်းများသို့ စေလွှတ်သွားရန်၊ နိုင်ငံခြားသား နည်းပြ ဆရာကောင်းများအား ခေါ်ယူ၍ ပြင်းပြင်းထန်ထန် နည်းစနစ်မှန်မှန် လေ့ကျင့်ပေးသွားရန်၊ ပစ္စည်းကိရိယာကောင်းများဖြင့် အဆင့်မီစွာ တပ်ဆင်ပေးပြီး လေ့ကျင့် ပေးသွားရန် မှာကြားသည်။



ယင်းနောက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် အသစ်ပြန်လည် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (အား/ကာ)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးဌေးအောင် (Asst: Site Manager,Singapore)-
ဒေါ်သင်းသင်းမာတို့၏သားကြီး
မောင်ဇော်ဝင်းထွဏ်း First year (Maths)
I.D.E.C (UK), I.A.D (UK), Auto CAD Operator
နှင့်
ရန်ကုန်မြို့နေ
(ဦးကံထူး-ဒေါ်ခင်စိန်)၊ ဦးတင်မြင့်(ကျောင်းအုပ်ဆရာကြီး ငြိမ်း)-ဒေါ်အမာတို့၏မြေး၊
(ဦးဝင်းနိုင်)-ဒေါ်သန်းသန်းနုတို့၏သမီးကြီး
မသက်သက်ထွန်း First year (Chem:)
Diploma in Computer Art (Dip:CA)
Auto CAD Operator
တို့သည် (၂၀-၇-၂၀၁၀)ရက်တွင် အဘိုးအဘွား၊ နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ဝင်းထွဏ်း-မသက်သက်ထွန်း



ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ ဌာနဆိုင်ရာ အကြီးအကဲများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်ကွင်း အုပ်စု(ဇ)

ကာကွယ်ရေးဝန်ကြီးဌာန သုံးဂိုး
(ရဲလှိုင်ဝင်း၊ ဖြိုးအောင်ကို၊ မျိုးသူ)
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်ဂိုး
(သီဟသူနှင့် မြတ်မိုး)
(ဒိုင်)ဦးကျော်အေး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ဇ)

ကျန်းမာရေးဝန်ကြီးဌာန ငါးဂိုး
(ဝင်းနိုင်အောင်-နှစ်ဂိုး၊ နန္ဒာထွန်း-နှစ်ဂိုး၊ ဇော်နိုင်ဝင်း)
နိုင်ငံခြားရေးဝန်ကြီးဌာန တစ်ဂိုး
(ဝင်းသူအောင်)
(ဒိုင်)ဦးသီဟကျော်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း အုပ်စု(က)

အမှတ်(၁)စက်မှုဝန်ကြီးဌာန နှစ်ဂိုး
(ဇေယျာဖြိုးနှင့် ဝင်းနိုင်စိုး)
သမဝါယမဝန်ကြီးဌာန ဂိုးမရှိ
(ဒိုင်)ဦးထွန်းရှင်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၂၁-၇-၂၀၁၀ရက်ပွဲစဉ်များ

နေပြည်တော်ကွင်း အုပ်စု(က)
အမှတ်(၂)လျှပ်စစ်နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး
ပေါင်းလောင်းကွင်း အုပ်စု(ခ)
ပို့ဆောင်ရေးနှင့် အမှတ်(၂)စက်မှု
လယ်ဝေးကွင်း အုပ်စု(ခ)
ရှေ့နေချုပ်ရုံးနှင့် လူမှုဝန်ထမ်း

(၁၀၇)

ယှဉ်ပြိုင်ကစား

၂၀၁၀ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ၏ အမျိုးသား အသက်(၁၈) နှစ်နှင့်အောက် ပတ်လည်ပြိုင်ပွဲတွင် Uno အသင်းနှင့် Venom အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

(ဘတ်စကက်ဘောအဖွဲ့ချုပ်)

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ အမျိုးသား အသက်(၁၈)နှစ်နှင့်အောက် ပတ်လည်ပြိုင်ပွဲတွင် Uno အသင်းက Venom အသင်းကို ၇၃ မှတ်- ၂၁ မှတ်ဖြင့် လည်းကောင်း၊ A-team အသင်းက Joker အသင်းကို ၇၇ မှတ်- ၃၇ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသမီးပတ်လည်ပွဲ

အမျိုးသမီးပတ်လည်ပြိုင်ပွဲတွင် လယ်/ဆည်အသင်းက Precious အသင်းကို ၆၇ မှတ်- ၃၉ မှတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးအသင်းက အမှတ်(၁) စက်မှု (B) အသင်းကို ၈၆ မှတ်- ၃၆ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အနိုင်ရရှိ

အမျိုးသားအလွတ်တန်း အုပ်စုပတ်လည်ပြိုင်ပွဲတွင် D.G.H အသင်းက Drogue အသင်းကို ၉၄ မှတ်- ၃၁ မှတ်ဖြင့်လည်းကောင်း၊ Lion အသင်းက လယ်/ဆည်အသင်းကို ၆၅ မှတ်- ၆၁ မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

(သတင်းစဉ်)

သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိသဖြင့် ရွှေကျင်မြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦး ခြေချင်းဝတ်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၀

ပဲခူးတိုင်း ရွှေကျင်မြို့နယ် ကွမ်းဆိပ်ကျေးရွာနေ ဦးအောင်မြင့်သည် အဖော်သုံးဦးနှင့်အတူ ဇူလိုင် ၁၆ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ကျောက်ကျိုးဒေသ၌ ရွှေကျင်ရန် မြေနေရာ လိုက်လံကြည့်ရှုစဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲသဖြင့် ယာခြေချင်းဝတ် အောက်ပြတ် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရ လူနာအား ရွှေကျင်မြို့ ခုတင် ၁၀၀ ဆံ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၁၆ ရက်အထိ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများနင်းမိသဖြင့် နိုင်ငံတစ်ဝန်း အမျိုးသားလေးဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်းခြောက်ဦး သေဆုံးပြီး အမျိုးသား ၃၇ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၄၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ မိုးပိုမည်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် နေရာကွက်ကျား၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် သုည ဒသမ ၃၅ လက်မ၊ ခန္တီးမြို့တွင် ၄ ဒသမ ၇၆ လက်မ၊ မိုးကုတ်မြို့တွင် ၃ ဒသမ ၇၄ လက်မ၊ မချမ်းဘောမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ဝ၃ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ မိုင်းဆတ်မြို့တွင် ၂ ဒသမ ၃၃ လက်မ၊ အုတ်ဖိုမြို့တွင် ၂ ဒသမ ၂၈ လက်မနှင့် တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ဝ၆ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

ဇူလိုင် ၂၁ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ပဲခူး-ကျိုက်ပဒိုင်-တာဝ-ဖလေး လမ်း (ကဝမြို့နယ်အပိုင်း) ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၁၄ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်ဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



သစ်တောနဲ့ သစ်ပင်
ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

မန္တလေးမြို့ပတ်လမ်းအား ထပ်ပိုးလွှာတင်ကတ္တရာခင်းနေမှု မြို့တော်ဝန်စစ်ဆေး

မန္တလေး ဇူလိုင် ၂၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇွန် ၂၈ရက် ညနေ ၅ နာရီခွဲက မန္တလေးမြို့ပတ်လမ်းမကြီးအား မန္တလေး-မတ္တရာလမ်းအပိုင်းမှ အိုးဘိုတံတားအထိ ထပ်ပိုးလွှာတင်ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် အိုးဘိုတံတားမှ ၁၂ လမ်းအထိ စက်ယန္တရားများဖြင့် အင်ဇိုင်း (Enzyme) ဆေးရည်ကို အသုံးပြု၍ လမ်းအခြေခံမြေသားကျစ်လျစ်ခိုင်မာအောင် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** (၄၆၉)

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် သနပ်ပင်မြို့ ပုလဲသွယ်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ကျောက်စုဆောင်းထားရှိမှုကို ဇူလိုင် ၁၃ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းဦးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျောင်းကုန်း၌ ပညာရည်ချွန်ဆုချီးမြှင့်

ကျောင်းကုန်း ဇူလိုင် ၂၀

၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ထက်မြက်စွာအောင်မြင်ခဲ့ကြသော မြို့မ အမှတ်(၂) ရပ်ကွက်ရှိ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ မြို့မ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့် မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေတို့က အမှာစကားပြောကြားပြီး မြို့မ အမှတ် (၂) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက မြို့နယ်မှ နိုင်ငံတော်အတွက် အားထားရသော ခေတ်ပညာတတ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးကို ရည်ရွယ်၍ ယခုကဲ့သို့ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ခြောက်ဘာသာဂုဏ်ထူးရှင် မထက်ယုဇနအား မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က ဆုချီးမြှင့်သည်။ **(အောက်ပုံ)**(၃၆၅)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရေးအတွက် မြို့ပေါ် ရပ်ကွက်များဖြစ်သည့် အောင်မင်္ဂလာရပ်ကွက်၊ စက်သစ်ရပ်ကွက်၊ ကြံခိုင်ရေးရပ်ကွက်အတွင်းရှိ လူနေအိမ်များ၊ မူကြိုကျောင်း၊ မူလတန်းကျောင်းတို့တွင် ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ကြေးမုံ)

ထန်းတပင်မြို့နယ်၌ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း အသိပညာပေး

ထန်းတပင် ဇူလိုင် ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်းနှင့် လွှမ်းခြုံမှုမြှင့်တင်ရေး အသိပညာပေး ဆွေးနွေးပွဲနှင့် သင်တန်းပို့ချပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက်က ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးငွေဒိုးက အဖွင့်အမှာစကားပြောကြားသည်။**(ဝဲပုံ)**

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စိန်စိန်က တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများအား ကိုယ်ဝန်ဆောင်မိခင်လောင်းများကို စောင့်ရှောက်ထိန်းသိမ်းရမည့် အချက်အလက်များနှင့် သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့

ကျိုက်ထို ဇူလိုင် ၂၀

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့၏ တပ်ဖွဲ့ဝင်သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စာရေးကိရိယာများနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၂ ရက်က ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်အောင်က တက္ကသိုလ်အဆင့် ကိုးဦးနှင့် အထက်တန်းအဆင့် ၁၃ ဦးတို့အားလည်းကောင်း **(အောက်ပုံ)**၊ ကျိုက်ထိုရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်ဝင်းအောင်က အလယ်တန်းအဆင့် ၃၄ ဦးနှင့် သိမ်ဇရပ်ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်မြင့်သိန်းဦးက မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၃ ဦး စုစုပေါင်း ၁၀၀ တို့အတွက် ထောက်ပံ့ပေးအပ်သည်။ (၁၀၇)

ကံမမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၂၀

ကံမမြို့နယ်အသင်း (ရန်ကုန်)၏ သင်းလုံးကျွတ် အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဩဂုတ် ၇ရက် (စနေနေ့)နံနက် ၈နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း မဟာပုညောပကာရ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သား၊ သမီးများနှင့် ဇူလိုင် ၃၁ရက်တွင် အသက်(၇၀)ပြည့်ပြီးသော အသင်းဝင်များ အမှုဆောင်အဖွဲ့ထံသို့ ကြိုတင်အကြောင်းကြားကြရန်နှင့် အလှူငွေများကို ဦးအောင်တိုး ဖုန်း-၀၉-၅၀၆၆၃၈၉၊ ဦးစိုးငြိမ်း ဖုန်း-၅၁၇၄၆၆၊ ဦးသိန်းတန် ဖုန်း-၅၀၄၉၁၀၊ ဦးအေးလွင် ဖုန်း-၅၂၆၆၃၈၂နှင့် ဦးခင်ဇော် ဖုန်း-၅၁၇၀၇၂တို့သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် အသင်းဝင်များ၊ အသင်းမဝင်ရသေးသော ကံမမြို့နယ်သူ၊ မြို့နယ်သားများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (ကြေးမုံ)

ဟိုင်းကြီးကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပိတောက်ရွှေဝါလမ်းဘေးကပ်တုံးများ ပြုလုပ်ဆောင်ရွက်ထားရှိမှုကို လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော် ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ရာ မြို့နယ်တာဝန်ခံ ဦးသက်မင်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသန်းဇော်စိုးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ပဲခူးမြို့နယ်ရှိ ကျေးရွာများ၌ တစ်ရွာတစ်ဧက သစ်ပင်စိုက်ပျိုး

ပဲခူး ဇူလိုင် ၂၀

ပဲခူးတိုင်း(အရှေ့ပိုင်း) ပဲခူးခရိုင် ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ အိမ်ရာထူထောင်ရေး၊ ကျေးရွာပိုင် သစ်တောစိုက်ခင်းထူထောင်ခြင်း တစ်ရွာတစ်ဧက သစ်ပင်စုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင် ၆ရက် နံနက်က ပဲခူးမြို့နယ် ပေါက်တောဝကျေးရွာ မူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကျင်းပရာ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဆွေနှင့် ဝန်ထမ်းများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အုပ်စုအဆင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရွာသားများ စုစုပေါင်း အင်အား ၁၅၃ဦးဖြင့် ယူကလစ်ပျိုးပင် ၆၀၀ကို တပျော်တပါးစိုက်ပျိုးခဲ့ကြသည်။

(မြို့နယ်ပြန်/ဆက်)

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးနှင့်အဖွဲ့ ဇူလိုင် ၇ ရက်က အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြကတ္တရာထပ်ပိုးလွှာလမ်းများ ဆောင်ရွက်ရန် ကျောက်များ စုဆောင်းထားမှု၊ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားမှုနှင့် ကျေးလက်ဂဝံလမ်းဆောင်ရွက်ရန် ဂဝံကျောက်များ စုဆောင်းထားရှိမှုများကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တင့်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃ (က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ၂၀၁၀ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် **မြန်မာနိုင်ငံရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ**က လည်းကောင်း၊ ၂၀၁၀ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် **လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၀-၇-၂၀၁၀)

နေပြည်တော်(လေဆိပ်)	သုည ဒသမ ၃၅ လက်မ	မြောက်ဦး	၃ ဒသမ ၀၃ လက်မ
ခန္တီး	၄ ဒသမ ၇၆ လက်မ	ဘားအံ	၂ ဒသမ ၇၆ လက်မ
မိုးကုတ်	၃ ဒသမ ၇၄ လက်မ	မိုင်းဆတ်	၂ ဒသမ ၃၃ လက်မ
မချမ်းဘော	၃ ဒသမ ၂၃ လက်မ	အုတ်ဖို	၂ ဒသမ ၂၈ လက်မ

ပင်လယ်မြို့ဟောင်း တူးဖော်မှု ကုန်းအမှတ်(၂၀)မှ တွေ့ရှိခဲ့သော အဆောက်အအုံနှင့် အဆင်တန်ဆာပါသော မြေမီးဖုတ်အုတ်ချပ်ရုပ်ကြွများကို တွေ့ရစဉ်။ (သတင်းစဉ်)

ပင်လယ်မြို့ဟောင်း တူးဖော်မှုလုပ်ငန်းမှ ရှေးဟောင်းအဆောက်အအုံ တွေ့ရှိ

နေပြည်တော် ဇူလိုင် ၂၀

ယဉ်ကျေးမှု ဝန်ကြီးဌာနသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးမျိုးညွန့် ခေါင်းဆောင်သော ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနနှင့် သမိုင်းသုတေသန ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများပါဝင်သောအဖွဲ့သည် မန္တလေးတိုင်း

စာမျက်နှာ ၇ ကော်လံ ၁ သို့☆